# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် သောကြာနေ့။ Friday, 13 March 2026 ၁၂၁၂၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တပ်မတော်(လေ) လေယာဉ်များ တပ်တော်ဝင်အခမ်းအနားကျင်းပ

### တပ်မတော်(လေ)သည် နိုင်ငံ၏လေကြောင်းစွမ်းအား မြင့်မားကောင်းမွန်စေရန် တာဝန်အရှိဆုံးနှင့် အဓိကအကျဆုံးတပ်ဖွဲ့ဖြစ် လေတပ်အင်အားတောင့်တင်းခိုင်မာမှသာ လေကြောင်းစိုးမိုးအရေးသာမှု ရယူနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်မည်

**နေပြည်တော် မတ် ၁၂**

တပ်မတော်(လေ)၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

**ယနေ့ ဖတ်စရာ**


ဥပဒေအရာရှိအဆင့် - ၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ ကျင်းပ — စာမျက်နှာ » ၉

နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၂) — ဆောင်းပါး စာမျက်နှာ » ၁၀

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ဒုတိယနေ့ဆက်လက်ကျင်းပ
တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၉၄၆ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ — စာမျက်နှာ » ၁၂

ကြေးမုံ

# ယာဉ်အသုံးပြုမှုစနစ်တကျဆောင်ရွက် စက်သုံးဆီဖူလုံမှုအထောက်အကူပြု

အရှေ့အလယ်ပိုင်းဒေသတွင်ဖြစ်ပွားနေသော ပဋိပက္ခများကို အကြောင်းပြု၍ စွမ်းအင်လောင်စာဆီ အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါပဋိပက္ခသည် အချိန်ကာလအတိုင်းအတာတစ်ခုအထိ ကြာရှည်ဦးမည်ဖြစ်သည့်အပြင် ထပ်မံဖြစ်ပေါ်နေဦးမည့်အကြောင်းများလည်းရှိနေသည်။ ထို့ကြောင့် ရှိပြီးအရန်စက်သုံးဆီ၊ ထပ်မံရရှိလာဦးမည့် စက်သုံးဆီများကို ခြိုးခြံချွေတာ စနစ်တကျသုံးစွဲခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခစတင်ဖြစ်ပေါ်ခဲ့သည့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့နောက်ပိုင်းတွင် ဂယက်ရိုက်ခတ်လာသည့် စက်သုံးဆီပြဿနာကို ဆောလျင်စွာဖြေရှင်းနိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ယာဉ်အသုံးပြုမှုစနစ်နှင့် စက်သုံးဆီဝယ်ယူရေးစနစ်များကို တစ်ပြိုင်တည်း ဦးစွာကျင့်သုံးခဲ့သည်။ ယခုအခါ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်စသည့်နိုင်ငံများအနေဖြင့်လည်း စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် သူ့နိုင်ငံသူ့စနစ်နှင့်အညီ ကန့်သတ်ထိန်းချုပ်မှုများ ပြုလုပ်လာကြသည်။ ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်ကို ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားမှသာလျှင် ကြုံတွေ့လာမည့်အခက်အခဲများကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

"စုံ ရက်"၊ "မ ရက်"၊ "စုံ နံပါတ်"၊ "မ နံပါတ်"စနစ်ကို ကျင့်သုံးဆောင်ရွက်ရာ၌ ပုဂ္ဂလိကကိုယ်ပိုင်ယာဉ်များအနေဖြင့် အခက်အခဲတစ်စုံတစ်ရာ ရှိကောင်းရှိနိုင်မည်ဖြစ်သလို နိုင်ငံတစ်ဝန်းရှိ အများပြည်သူ အခြေခံလူတန်းစားများ အသုံးပြုနေကြသည့် မော်တော်ဆိုင်ကယ်များအနေဖြင့်လည်း အခက်အခဲများရှိမည်ဖြစ်သည်။ သို့သော် နိုင်ငံတော်အနေဖြင့် စက်သုံးဆီအရန်သိုလှောင်ထားမှုများနှင့် ထပ်မံရောက်ရှိလာအောင် ဆောင်ရွက်ထားမှုအခြေအနေများဖြင့် အခက်အခဲမရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထပ်မံ၍ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုအမျိုးမျိုးဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် တန်းစီတိုးဝှေ့ဝယ်ယူမှုမဖြစ်စေရန် အတွက် လက်ကိုင်ဖုန်း Application ကိုအသုံးပြု၍ စိစစ်ရောင်းချရေးဆောင်ရွက်သွားမည်ဟု သိရသည်။

စက်သုံးဆီ အစဉ်သဖြင့် ပြတ်လပ်မှုမရှိစေရန်နှင့် စက်သုံးဆီ အမှန်တကယ်လိုအပ်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူအသုံးပြုနိုင်စေရန်ရည်ရွယ်ပြီး အဆိုပါအစီအစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စက်သုံးဆီအရောင်းဆိုင်များတွင် တစ်ရက်လျှင် နှစ်ကြိမ်၊ သုံးကြိမ် တန်းစီဝယ်ယူမှုများ လျော့နည်းပပျောက်စေရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် လက်ကိုင်ဖုန်းအသုံးပြု၍ စိစစ်ရောင်းချပေးခြင်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များအနေဖြင့် Application အသုံးပြုရန်နှင့် မှတ်ပုံတင်ခြင်းပြုလုပ်ရန် လုံးဝမလိုအပ်ဘဲ အရောင်းဆိုင်အခြေပြုစိစစ်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မော်တော်ယာဉ်များအတွက် Wheel Tax ၏ Barcode ကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်များအတွက် Wheel Tax ပါ အချက်အလက်များကို အသုံးပြု၍ QR Code ထုတ်ပေး၍လည်းကောင်း Application ဖြင့် အလိုအလျောက် စစ်ဆေးသည့်နည်းလမ်းဖြင့် စိစစ်ရောင်းချပေးသွားမည်ဖြစ်သည်။ မော်တော်ဆိုင်ကယ်များအနေဖြင့် စက်သုံးဆီဝယ်ယူသည့်အခါတိုင်း ၎င်း၏ QR Code ကို အရောင်းဆိုင်ဝန်ထမ်းသို့ ပြသဝယ်နိုင်မည်ဖြစ်ပြီး မော်တော်ယာဉ်များတွင် စိစစ်သကဲ့သို့ တစ်ရက်အတွင်း နှစ်ကြိမ် (သို့မဟုတ်) သုံးကြိမ် ဝယ်ယူမှုမရှိစေရေးစနစ်မှ အလိုအလျောက်စစ်ဆေးရောင်းချသွားမည်ဖြစ်သည်။ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် စက်သုံးဆီစိစစ်ရောင်းချရာတွင် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် မူဝါဒများနှင့်အညီ ယာဉ်အသုံးပြုခွင့် ခွင့်ပြုထားသည့်အလိုက် စက်သုံးဆီရောင်းချနိုင်ရေးကို တစ်ပါတည်းစစ်ဆေးမည်ဖြစ်၍ မိမိအသုံးပြုခွင့်ရှိသည့်ရက်များအတွက်သာ ဝယ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း အသိပေးထားသည်။

အဆိုပါစနစ်ကို မတ်လ ၁၂ ရက်နေ့မှစတင်ပြီး နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် စတင်ဆောင်ရွက်လျက်ရှိပြီး ကျန်မြို့များတွင်လည်း ဆက်လက်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအခါ ပြည်သူများ၏ပူးပေါင်းပါဝင် ကူညီဆောင်ရွက်မှုများကြောင့် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်တန်းစီမှုများ လျော့ကျသွားပြီး ပုံမှန်အတိုင်း ဖြန့်ဖြူးရောင်းချသည့် အခြေအနေသို့ ရောက်ရှိသွားပြီဖြစ်သည်။ သို့ဖြစ်ရာ စက်သုံးဆီရောင်းချပေးသည့် ယာဉ်အမျိုးအစားနှင့် ယာဉ်နံပါတ်၊ ဆီအမျိုးအစားနှင့် ပမာဏ၊ ရောင်းချပေးသည့် ဈေးနှုန်းစသည်တို့ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိသောကြောင့် စက်သုံးဆီဖူလုံလောက်ငမှုရှိစေရေး အထောက်အကူပြုလျက်ရှိပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## သံအမတ်ကြီး ဦးအောင်မင်းဦးအား ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီသီယိုးပီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးအောင်မင်းဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ၁၂ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၅၀၀ | ၁၂,၀၀၀ | ၂,၁၇၃ | ၂၆,၇၀၀,၀၀၀ |
| MTSH | ၆,၅၀၀ | ၆,၂၀၀ | ၃,၃၄၆ | ၂၀,၄၁၆,၂၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၁,၄၈၉ | ၁၂,၆၅၆,၅၀၀ |
| FPB | ၃,၆၀၀ | ၃,၅၅၀ | ၆၄၃ | ၂,၂၈၉,၃၀၀ |
| TMH | ၃,၄၀၀ | ၃,၄၀၀ | ၄၂၅ | ၁,၄၄၅,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၄,၀၁၃ | ၆,၇၅၄,၆၀၀ |
| AMATA | ၄,၁၀၀ | ၄,၀၀၀ | ၁,၅၆၁ | ၆,၂၇၉,၈၀၀ |
| MAEX | ၃,၅၅၀ | ၃,၅၅၀ | ၆၂၂ | ၂,၂၀၈,၁၅၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၁၀၀ | ၁,၂၇၃ | ၃,၈၂၉,၁၅၀ |
| ASPGB(PLB) | ၃၇,၀၀၀ | ၃၉,၀၀၀ | ၁၄၀ | ၅,၃၉၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ) လေယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ထိရောက်အောင်မြင်စွာ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များကို အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝထက်မြက်နေအောင် အစဉ်တည်ဆောက်ထိန်းသိမ်းနေရမည်

☆ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါက်ဖွားလာခဲ့သည့် မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားပြည်သူပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသည့် ပြည်သူ့တပ်မတော်၊ ပြည်ထောင်စုတပ်မတော်လည်းဖြစ်ကြောင်း၊ သမိုင်းတစ်လျှောက် တိုင်းပြည်နှင့်လူမျိုးအပေါ် အန္တရာယ်အမျိုးမျိုး ကျရောက်လာသည့်အချိန်တိုင်း၊ အချုပ်အခြာအာဏာကို ခြိမ်းခြောက်ထိပါးခံရသည့် အချိန်တိုင်းတွင် တပ်မတော်သည် ပြည်သူရှေ့က မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း။

အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ထိရောက်အောင်မြင်စွာ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များကို အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝထက်မြက်နေအောင် အစဉ်တည်ဆောက်ထိန်းသိမ်းနေရမည်ဖြစ်ကြောင်း၊ တပ်မတော်အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ပြည့်ဝနေမှသာ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးဂုဏ်ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ကြောင်းကို ခေတ်အဆက်ဆက် ဖြတ်ကျော်ကြုံတွေ့ခဲ့ရသည့် သမိုင်းအတွေ့အကြုံများက ထင်ထင်ရှားရှား သင်ခန်းစာပေး ထောက်ပြလျက်ရှိကြောင်း။

ခေတ်သစ်စစ်ပွဲများနှင့် လတ်တလောဖြစ်ပွားနေသည့် ကမ္ဘာ့အရေးအခင်းများကို လေ့လာကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးနှင့် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအဓိကကျအရေးပါသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မိမိတို့၏ လေကြောင်းစွမ်းအားကို တတ်နိုင်သမျှ မြင့်မားကောင်းမွန်အောင် အစဉ်ကြိုးပမ်းနေကြခြင်းဖြစ်ကြောင်း။

တပ်မတော်(လေ)သည် နိုင်ငံ၏ လေကြောင်းစွမ်းအား မြင့်မားကောင်းမွန်စေရန် တာဝန်အရှိဆုံးနှင့် အဓိကအကျဆုံး တပ်ဖွဲ့ဖြစ်ကြောင်း၊ လေတပ်အင်အား တောင့်တင်းခိုင်မာနေမှသာ လေကြောင်းစိုးမိုးအရေးသာမှု ရယူထိန်းသိမ်းနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားကိုထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအားဆိုသည်မှာ လေယာဉ်ရဟတ်ယာဉ်များ ရှိနေရုံဖြင့် မလုံလောက်သေးဘဲ အထောက်အကူပြုမည့်စနစ်အမျိုးမျိုး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ဖြည့်တင်းရေးအတွက် စနစ်အမျိုးမျိုး၊ လေ့ကျင့်ရေးစနစ်အမျိုးမျိုး ပြည့်စုံစွာ ရရှိပိုင်ဆိုင်ထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေကြောင်းစွမ်းအား ဟန်ချက်ညီဘက်စုံတိုးတက်ကောင်းမွန်စေရေး ၂၀၁၁ ခုနှစ်မှစပြီး အဓိကကျသည့် အရင်းအမြစ်အမျိုးမျိုးကို တွက်ချက်သုံးသပ်ဖြည့်တင်းပေးလျက်ရှိကြောင်း။

လေကြောင်းစွမ်းအား ထက်မြက်ကောင်းမွန်နေရေးအတွက် ကိုင်တွယ်အသုံးပြုသူများမှ စွမ်းအားပြည့်အသုံးချပြီး ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန် အရည်အသွေး အရည်အချင်းပြည့်ဝကောင်းမွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ မဖြစ်မနေလိုအပ်ကြောင်း၊ ကျွမ်းကျင်မှုရှိပြီး အထိရောက်ဆုံး အသုံးချနိုင်မည့် စစ်သည်တော်များ လေ့ကျင့်မွေးထုတ်ရေးအတွက် စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်သွားရန် အထူးမှာကြားလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးရာတွင် လေသူရဲများ၊ လေယာဉ်သားနှင့်ပညာရှင်များ၊ အုပ်ချုပ်မှုပိုင်း အထောက်အကူပေးရမည့် တာဝန်ရှိသူများစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအားလုံး အကျုံးဝင်ကြောင်း။

တပ်မတော်(လေ)တွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိ၊ စစ်သည်နှင့် အမှုထမ်းတိုင်းသည် နိုင်ငံ့အကျိုးလိုလားပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် တန်ဖိုးရှိလူသားအရင်းအမြစ်များ ဖြစ်နေကြရန် လိုအပ်သည်ကိုလည်း ပြောကြားလိုကြောင်း၊ သို့မှသာ မည်သို့သောလုပ်ငန်းတာဝန်များကိုမဆို ရဲရဲဝံ့ဝံ့ဖြင့် ကျေကျေပွန်ပွန် ထမ်းဆောင်လိုစိတ် ပြင်းပြနေကြမည်ဖြစ်ကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့် ယုံကြည်ချက် ခံယူချက် မွန်မြတ်ကောင်းမွန်စေရေး နိုင်ငံတော်နှင့် တပ်မတော်ဆိုင်ရာ သမိုင်းကြောင်းများကို သိရှိလေ့လာကြရန်၊ စာပေဗဟုသုတ ရှာဖွေဆည်းပူးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်(လေ) စတင်ဖွဲ့စည်းတည်ထောင်ခဲ့ချိန်မှစပြီး လက်ရှိကာလအထိ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ခဲ့မှုအပေါ် သုံးသပ်စိစစ်ကြည့်ပါက နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်မှုများ၊ ပြည်ပကျူးကျော်မှု တွန်းလှန်ချေမှုန်းရေး စစ်ဆင်မှုများတွင် စွမ်းစွမ်းတမံအထောက်အကူပြုတိုက်ပွဲဝင်နိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင်လည်း နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်အထောက်အကူပြုနိုင်ခဲ့ကြောင်း။

တပ်မတော်(လေ)၏ တိုးတက်အောင်မြင်မှု အရှိန်အဟုန်များကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပြီး နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်အမျိုးမျိုးကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်၊ ရရှိပိုင်ဆိုင်ထားသည့် လေယာဉ် ရဟတ်ယာဉ်နှင့် လက်နက်စနစ်များ၊ လေကြောင်းစွမ်းအားအရင်းအမြစ်များကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုယ်တွယ်အသုံးပြုပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်(လေ)ဖြစ်ကြောင်း သက်သေပြကြရန်၊ ယနေ့အထိ တည်ဆောက်ထိန်းသိမ်းလာသည့် တပ်မတော်(လေ)၏ အစဉ်အလာကောင်းများကို လေးစားဂုဏ်ယူတန်ဖိုးထားပြီး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းကောင်းမွေပေးအပ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်များ တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းက လေယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

စာမျက်နှာ ၄ သို့ ☆

❖ **ခေတ်သစ်စစ်ပွဲများနှင့် လတ်တလောဖြစ်ပွားနေသည့် ကမ္ဘာ့အရေးအခင်းများကို လေ့လာကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးနှင့် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာ အဓိကကျအရေးပါသည်ကို တွေ့ရှိရမည်**

❖ **ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မိမိတို့၏ လေကြောင်းစွမ်းအားကို တတ်နိုင်သမျှ မြင့်မားကောင်းမွန်အောင် အစဉ်ကြိုးပမ်းနေကြခြင်းဖြစ်**

❖ **လေကြောင်းစွမ်းအားဆိုသည်မှာ လေယာဉ် ရဟတ်ယာဉ်များရှိနေရုံဖြင့် မလုံလောက်သေးဘဲ အထောက်အကူပြုမည့်စနစ်အမျိုးမျိုး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ဖြည့်တင်းရေးအတွက် စနစ်အမျိုးမျိုး၊ လေ့ကျင့်ရေးစနစ်အမျိုးမျိုး ပြည့်စုံစွာ ရရှိပိုင်ဆိုင်ထားရန်လည်း လိုအပ်မည်**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လေယာဉ်များက အုပ်ဖွဲ့ပျံသန်းအလေးပြုကြစဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်သည်။

**ပျံသန်းအလေးပြု**

ဆက်လက်၍ လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းကို ဆောင်ရွက်ရာ ဦးစွာ အချိန်ကိုက်ပျံသန်းအလေးပြုခြင်း အစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်လေးစင်းတို့က အမျိုးအစားမတူညီသည့် Composite Formation အုပ်ဖွဲ့ဖြင့်လည်းကောင်း၊ အမျိုးအစားမတူညီသည့် ရဟတ်ယာဉ်ငါးစင်းတို့က Composite Formation အုပ်ဖွဲ့ဖြင့်လည်းကောင်း၊ ကင်းထောက်လေယာဉ် တစ်စင်းနှင့် အပေါ့စားရဟတ်ယာဉ် နှစ်စင်းတို့က Composite Formation ဖြင့်လည်းကောင်း၊ အမောင်းသင်လေယာဉ်ငါးစင်းတို့က Kite Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းနှင့် တိုက်လေယာဉ်နှစ်စင်းတို့က Composite Formation ဖြင့်လည်းကောင်း၊ တိုက်လေယာဉ်သုံးစင်းက Arrow Head Formation ဖြင့် အုပ်ဖွဲ့ပျံသန်းပြီး တိုက်လေယာဉ်တစ်စင်းက Barrel Roll Maneuver ဖြင့် သရုပ်ပြပျံသန်း၍ လည်းကောင်း၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် ဘက်စုံသုံးတိုက်လေယာဉ် နှစ်စင်းတို့က Composite Formation ဖြင့် လည်းကောင်း၊ တိုက်လေယာဉ်သုံးစင်းတို့က Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ ဘက်စုံသုံး တိုက်လေယာဉ်သုံးစင်းတို့က Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ တိုက်လေယာဉ်သုံးစင်းတို့က ရှုရပ်၏ ရှေ့တည့်တည့်မှ ပျံသန်းဝင်ရောက်ကာ တပ်မတော်(လေ) အလံကိုယ်စားပြု အဝါရောင်၊ အဖြူရောင်နှင့် အပြာရောင် မီးခိုးများထုတ်လွှတ်ပြီး Cross Turn Maneuver ဖြင့် ပျံသန်း၍လည်းကောင်း၊ တိုက်လေယာဉ်တစ်စင်းနှင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားဂျက်တိုက်လေယာဉ်တစ်စင်းတို့က Composite Formation ဖြင့် ပျံသန်းပြီး မီးကျည်များပစ်လွှတ်၍ လည်းကောင်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်အမျိုးသား (အလွတ်တန်း)ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ပုသိမ် မတ် ၁၂

၂၀၂၆ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်အမျိုးသား (အလွတ်တန်း) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပုသိမ်မြို့ ကိုးသိန်းဖူဆယ်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားသည့် X-SOLOအသင်းနှင့် Tiger Power အသင်းတို့၏ ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အကောင်းဆုံးအားကစားသမားဆု ရရှိသည့်ကစားသမားအား ဆုတံဆိပ်နှင့်ငွေသားဆုကို လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် Tiger Power အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကို စီးပွားရေးရာဝန်ကြီးကလည်းကောင်း၊ ပထမဆုရရှိသည့် X-SOLO အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုနှင့် ဆုဖလားတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ကာ “မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့က စိစစ်ဆုံးဖြတ်ပေးရမည့်ကိစ္စများ၊ ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြဆောင်ရွက်ရမည့် ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကိစ္စများနှင့်ပတ်သက်၍ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကော်မတီဝင်များကလည်း သုံးသပ်တင်ပြရန်နှင့် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် လျှောက်ထားခြင်း ကိစ္စရပ်များနှင့်ပတ်သက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသူများ၏ အထွေထွေ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဟိုင်းကြီးကျွန်းမြို့၌ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်မည့်အခြေအနေအား တာဝန်ရှိသူများ စစ်ဆေး

ဟိုင်းကြီးကျွန်း မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေအား တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

**လိုက်လံစစ်ဆေး**

ထိုသို့စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးဇော်မိုးဦး၊ ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်သူမင်းနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်ရွက်ပြီးစီးသည့်လမ်းပိုင်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အမှတ်(၁၊၂၊၃) ရပ်ကွက်တို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၏ မြေပြင်အခြေအနေအရ ဆောင်ရွက်ရန်လိုအပ်သည်များကို လိုက်လံစစ်ဆေးပြီး လမ်းပိုင်းများ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၆) ကျင်းပ

## တတိယအကြိမ်လွှတ်တော်ခေါ်ယူထားပြီး ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန်ထမ်းဆောင်နိုင်ရန် စနစ်တကျ လွှဲပြောင်းပေးနိုင်တော့မည်

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောတက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) မှတ်တမ်းကို အတည်ပြုခြင်း ဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီး၍ တတိယအကြိမ် လွှတ်တော်ခေါ်ယူထားပြီးဖြစ်ကြောင်း၊ လွှတ်တော်အစည်းအဝေးများကျင်းပခြင်းနှင့်အတူ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော် တာဝန်ထမ်းဆောင်နိုင်ရန် စနစ်တကျ လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာ့မျက်နှာစာသစ်ဖိုရမ်ကို မတ် ၁၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါဖိုရမ်ကို ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အမြင်ကျယ်ကျယ်ဖြင့်ရှုမြင်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အတွေးအမြင်သစ်၊ အခင်းအကျင်းသစ်တို့ဖြင့် ကြိုတင်သိမြင်ပြီး နိုင်ငံအကျိုးပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်များတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရသကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံအတွင်းသို့ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်သူများသည် တစ်ဖက်နိုင်ငံများမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် တရားမဝင် ဝင်ရောက်လာကြသည်များရှိကြောင်း၊ ထိုသို့ နယ်စပ်ဖြတ်ကျော်၍ တရားမဝင် ရောက်ရှိလာကြသူများကိုလည်း လမ်းကြောင်းတစ်လျှောက် စနစ်တကျစစ်ဆေး၍ ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထား၍ ကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူ အဆင့်ဆင့်မှ စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။



နိုင်ငံတော်တွင် **"စားရေရိက္ခာဖူလုံ ပိုလျှံရေး"** ကို နိုင်ငံတော်အကြီးအကဲက အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ထားပြီး စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ (Agro-based Industrialization) ပေါ်ထွန်းလာရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် သီးထပ်စွမ်းအားရာနှုန်းပြည့်ရရှိရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသန္တရ ကြက်၊ ဝက်၊ နွားတို့ကို မိရိုးဖလာနည်းဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် ပမာဏတိုး၍ မွေးမြူသွားပါက ဒေသ၏စားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများကိုလည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် အသုံးပြုကြရမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ အရည်အသွေးမီထုတ်လုပ်ရရှိနိုင်ရန်နှင့် လုပ်ငန်းများကို ပိုမိုမြင့်မားစွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ MSME လုပ်ငန်းများ နိုင်ငံတကာဈေးကွက်သို့ ယခုထက်ပိုမိုချိတ်ဆက်ရောင်းချနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာ၌ အောင်မြင်လျက်ရှိပြီး စီးပွားရေးတိုးတက်မှု ရာခိုင်နှုန်းများလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံ့စီးပွားရေးအပြင် ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ အခြေခံပညာအတန်းများအလိုက် တန်းစဉ်ကူးပြောင်းမှုများ စနစ်တကျရှိစေရေးနှင့် ကျောင်းများရာနှုန်းပြည့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက လုပ်ငန်းခွင်အထောက်အကူပြု ပညာရေးစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများ၏ သင်ကြားရေးပိုင်းဆိုင်ရာနည်းစနစ်များ (Teaching Method)ကိုလည်း ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းများအတွက် ပုဂ္ဂလိကပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့်အတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်အကြီးအကဲက **"လူ့အသက်ထက်အရေးကြီးတာ ဘာမျှမရှိ"** ဆိုသည့် မူဝါဒကို ချမှတ်ပေးထားသည့်အတွက် ပြည်သူများ၏ မျှော်မှန်းသက်တမ်းများ မြင့်မားလာစေရန်နှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ခေတ်နှင့်အညီ ရောဂါရှာဖွေရေးနည်းစနစ်များ၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ မြို့ရွာတိုင်းတွင် စိမ်းလန်းသောနယ်မြေ (Green Zone Area) များကို မဖြစ်မနေသတ်မှတ်ဖော်ဆောင်ခြင်း၊ သစ်တောများပြုန်းတီးမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ခြင်းနှင့် မြေပေါ်မြေအောက် သယံဇာတများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဌာနအလိုက်လုပ်ငန်းစီမံကိန်းများ လျာထားဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး၊ အရည်အသွေး၊ ပြည့်ဝစေရေး၊ အလေအလွင့်မရှိစေရေး၊ ပြည်သူလူထုအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေးနှင့် အမှန်တကယ်အကျိုးရှိပြီး ထိရောက်မှုရှိ၊ မရှိစသည့် အချက်များကိုလည်း အဓိကထား စစ်ဆေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရလဒ်ကောင်းများရရှိစေမည့် အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်နေသည့် အရှေ့အလယ်ပိုင်းပင်လယ်ကွေ့ ပဋိပက္ခကြောင့် ကမ္ဘာ့လောင်စာဆီ အကျပ်အတည်းကာလကို ကျော်လွှားနိုင်ရန် စက်သုံးဆီ ချွေတာသုံးစွဲရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါထုတ်ပြန်ချက်နှင့်အညီ စည်းကမ်းတကျဖြစ်စေရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ကူညီကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း။


ယခင်နှစ် သင်္ကြန်ပွဲတော်ကို သဘာဝဘေးဒဏ်ကြောင့် သာမန်မျှသာ ဖြတ်သန်းခဲ့ကြရကြောင်း၊ ယခုနှစ်သင်္ကြန်ကို စည်စည်ကားကားဖြင့် ရိုးရာသင်္ကြန်ကျင်းပနိုင်ရေးအတွက် ရည်ရွယ်ထားရှိကြောင်း၊ ယခုအချိန်တွင် အခြေအနေ အချိန်အခါနှင့် ကိုက်ညီသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေးစီစဉ်ဆောင်ရွက်နိုင်ပါကြောင်း။

ယခုအခါ နွေဦးရာသီသို့ရောက်ရှိလာပြီဖြစ်၍ ပြည်သူလူထုအတွင်း မီးလောင်မှုမဖြစ်ပွားစေရေးအတွက် သတိမူရေးနှင့် မီးဘေးကာကွယ်ရေးပစ္စည်းများကို စက်ရုံလုပ်ငန်း၊ ရုံး၊ ဈေးအပြင် အိမ်ရာ၊ ရပ်ကွက်များတွင်လည်း စနစ်တကျထားရှိ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စိမ့်ဝင်ပျံ့နှံ့စေရေးတို့အတွက် နိုင်ငံပိုင် ရုပ်သံမီဒီယာ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် လှုံ့ဆော်အသိပညာပေးရေးအစီအစဉ်များကိုလည်း သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



သရက်ခရိုင် ကံမမြို့နယ်ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမြင့်လှိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့်နှင့် ဈေးတာဝန်ရှိသူများက မတ် ၁၂ ရက်တွင် စည်ပင်သာယာဈေးအတွင်း မီးဘေးလုံခြုံရေးလိုက်လံစစ်ဆေးဆောင်ရွက်စဉ်။ ကောင်းစစ်နိုင်

## လှိုင်မြို့နယ်၌ ကမ္ဘာ့ကျောက်ကပ်နေ့ အခမ်းအနားကျင်းပ


ရန်ကုန် မတ် ၁၂

ကမ္ဘာ့ကျောက်ကပ်နေ့(World Kidney Day) အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ ကန်သာယာဆေးရုံ၌ ကျင်းပသည်။

ဦးစွာ ဒေါက်တာဝင်းမြတ်ဦးက အမှာစကားပြောကြားပြီး ဒေါက်တာအောင်ချမ်းငြိမ်းက ကျောက်ကပ်အကြောင်း သိကောင်းစရာများ ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ကျောက်ကပ်ကျန်းမာရေးအကြောင်းကို ဒေါက်တာအောင်ကိုလွင်က လည်းကောင်း၊ ကျောက်ကပ်အစားထိုးကုသအောင်မြင်ခြင်းအကြောင်းကို ဒေါက်တာရဲလင်းထွန်းက လည်းကောင်း ရှင်းလင်းပြောကြားပြီး ကျောက်ကပ်လှူဒါန်းသူနှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။




ထို့ပြင် GAIA Pilates Studio မှ လေ့ကျင့်ခန်းအစီအစဉ်များကို ပြသပေးခဲ့ကြောင်း သိရသည်။

# ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

**အခန်း (၈)**

**စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငွေကြေးခဝါချမှုကို စုံစမ်းစစ်ဆေးရာတွင်-

(က) ငွေကြေးခဝါချမှုကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသူကို အရေးယူနိုင်ရေးအတွက် သက်သေအထောက်အထားများရရှိရန် လိုအပ်သော စုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံမှ လိုအပ်သောသတင်းအချက်အလက်များ ရယူနိုင်သည်။

(ဂ) အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းကို စုံစမ်းဖော်ထုတ်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊

(၂) သက်သေခံပစ္စည်းအား ချိပ်ပိတ်ခြင်း၊ အခြားနည်းလမ်းတစ်ခုခုဖြင့် စီမံခန့်ခွဲမှု သို့မဟုတ် ဆက်နွှယ်ပတ်သက်မှုမပြုလုပ်ရန် တားမြစ်ပိတ်ပင်ခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းထံမှ ငွေရေးကြေးရေးနှင့် စပ်ဆိုင်သောမှတ်တမ်းများကို တောင်းခံရယူခြင်း၊

(၄) နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်ရှိသည့် ပစ္စည်းများအား နိုင်ငံတော်ကထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ပြန်လည်ရယူခြင်းတို့ဆောင်ရွက်သည့်အခါတွင် ထိခိုက်ဟန့်တားမှုမဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်မှုများ ဆောင်ရွက်ခြင်း၊

(၅) ပြစ်မှုကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်းရှိသူအား ဖမ်းဆီးခြင်း၊

(၆) စုံစမ်းစစ်ဆေးရေးဆောင်ရွက်ချက်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) ပုဒ်မခွဲ (ဂ)အရ သိမ်းဆည်းခဲ့သည့် ငွေကြေး သို့မဟုတ် ပစ္စည်းများကို သတ်မှတ်ထားသည့် အဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်ရမည့်အပြင် ပျက်စီးဆုံးရှုံးနိုင်ဖွယ်ရှိသည့် ပစ္စည်းများကို စုံစမ်းစစ်ဆေးမှုကာလအတွင်း တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

(င) သဘောရိုးဖြင့်ဆောင်ရွက်သည့် တတိယပုဂ္ဂိုလ်နှင့် အခြားကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများ၏ အခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်းမရှိစေရန် ကျင့်သုံးဆောင်ရွက်ရမည်။

၂၃။ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများနှင့် ငွေကြေးခဝါချမှုအား စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် အောက်ပါငွေကြေးနှင့် ပစ္စည်းများကို စစ်ဆေးဖော်ထုတ်ရမည်-

(က) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ ကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များ၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် အသုံးပြုပစ္စည်းများ၊

(ဂ) အဆိုပါငွေကြေး၊ ပစ္စည်း သို့မဟုတ် မှုခင်းအကျိုးအမြတ်များကို ဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေသည့် သက်သေခံအထောက်အထားများ၊

(ဃ) ခဝါချထားသည့် ငွေကြေးများနှင့် ပစ္စည်းများ၊

(င) ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများအား စုံစမ်းဖော်ထုတ်ပြီးချိန်တွင် ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းမပြုနိုင်ပါက တန်ဖိုးတူပစ္စည်းများ။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငွေကြေးခဝါချမှုကို စုံစမ်းစစ်ဆေးရာတွင် အောက်ပါကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ရယူဆောင်ရွက်နိုင်သည်-

(က) ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့် ဆာဗာများအား ဝင်ရောက်ကြည့်ရှုခြင်း၊

(ခ) တယ်လီဖုန်းလိုင်းများ၊ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ်ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေး အထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင် ထားရှိခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်နားထောင်ခွင့်၊ ဖမ်းယူခွင့်၊ ဖြတ်တောက်ခွင့်၊ ပြစ်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်သလို အသုံးပြုခွင့် ကျင့်သုံးခြင်း၊

(ဂ) လှူပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန်ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခြင်း၊

(ဃ) အသွင်ယူစုံစမ်းစစ်ဆေးခြင်း၊

(င) ထိန်းချုပ်ဖော်ထုတ်ခြင်း။

**အခန်း (၉)**

**ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်**

၂၅။ သတင်းပို့အဖွဲ့အစည်းသည် မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိသည့် အမည် သို့မဟုတ် အက္ခရာများကို အသုံးပြုခြင်း၊ ခွဲခြားသိရှိနိုင်ခြင်းမရှိသည့် သို့မဟုတ် ဖန်တီးထားသည့် အမည် သို့မဟုတ် မမှန်ကန်သည့်အမည်ကို အသုံးပြုထားသည့် ငွေစာရင်းများကို ဖွင့်လှစ်ပေးခြင်း၊ လက်ခံခြင်း သို့မဟုတ် ထိန်းသိမ်းဆောင်ရွက်ပေးခြင်းမပြုရ။

၂၆။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်။ အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့် မည်သည့်သက်သေခံအထောက်အထားနှင့် သတင်းအချက်အလက်များကိုမဆို စာဖြင့်ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက အသုံးပြုနိုင်ရေး အသင့်ရှိရမည်။

၂၇။ သတင်းပို့အဖွဲ့အစည်းသည်-

(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် ငွေစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများနှင့် ပတ်သက်၍ ဤဥပဒေအရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ပထဝီအနေအထား၊ ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ် အခြေပြု၍ သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်ရမည်။ ပုဒ်မ ၇(စ)အရ ပေးပို့၍ရရှိသော သတင်းအချက်အလက်များရရှိပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(၁) အကဲဖြတ်ချက်အရငွေကြေးခဝါချမှုအန္တရာယ်အဆင့်မြင့်မားသည်ဟုဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသောဆောင်ရွက်မှုများသည် ပုံမှန် ဟုတ် မဟုတ်ကိုလည်းကောင်း၊ သံသယဖြစ်ဖွယ် ရှိ မရှိကိုလည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ် အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်မှုကို ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်း၊ ငွေကြေးခဝါချမှုအန္တရာယ်အဆင့် အလယ်အလတ်ဖြစ်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ အလေးထားစိစစ်မှုကို စံနှုန်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(၃) ပုဒ်မခွဲငယ်(၂)အရ ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ အန္တရာယ်အဆင့်မြင့်မားသည့်ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှရပ်စဲခြင်း၊

(၄) ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force– FATF) မှ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားခြင်းနှင့် အခြားစောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများ (High–risk and other monitored jurisdictions) စာရင်းတွင်ပါရှိသည့် နိုင်ငံနှင့် ဒေသများမှ ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုများ ပြုလုပ်သည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့မှ တိုးမြှင့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်း ပြုလုပ်ပါက ဆုံးရှုံးနိုင်ခြေအန္တရာယ်နှင့်အညီ အချိုးညီထိရောက်သည့် ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(၅) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ခြင်းနှင့် ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ရေးအာဏာပိုင်က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအချိန်အခါနှင့် အခြေအနေများတွင် ဆောင်ရွက်ရမည်-

(၁) ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် မပြုလုပ်ပေးမီ သို့မဟုတ် ငွေစာရင်းတစ်ခုဖွင့်လှစ်ပေးခြင်းမပြုမီ သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ရပ် မထူထောင်မီ၊

(၂) သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးနှင့်ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ၊ ဆက်နွှယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ သတင်းပို့ရန်သတ်မှတ်သည့် တန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ပိုသော တန်ဖိုးပမာဏဖြစ်သည့်အခါ အဆိုပါဆက်သွယ်ဆောင်ရွက်သူအတွက် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၃) ပြည်တွင်းနှင့် နိုင်ငံတကာငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဆက်သွယ်ဆောင်ရွက်သူအတွက် ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၄) ယခင်ရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိလျှင်၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည်ဟု သံသယရှိလျှင်။

(ဂ) ပုဒ်မခွဲ(ခ)တွင် ရည်ညွှန်းထားသည့် ဆက်နွှယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့်အချိန်တွင် သတ်မှတ်တန်ဖိုးပမာဏ သို့မဟုတ် သတ်မှတ်တန်ဖိုးပမာဏထက် ကျော်လွန်ကြောင်းကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါပမာဏကို သိရှိလျှင်သိရှိချင်း သို့မဟုတ် အဆိုပါတန်ဖိုးပမာဏသည် သတ်မှတ်ပမာဏသို့ရောက်ရှိလျှင် ရောက်ရှိချင်း ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ(က)အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) လွတ်လပ်၍ ယုံကြည်အားထားရသော ဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်သူအား စိစစ်အတည်ပြုခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ သက်သေခံအထောက်အထားကို အတည်ပြုခြင်း၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းအနေဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်၍ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး စိစစ်အတည်ပြုနိုင်မည့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ကို အတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါအကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ သက်သေခံအထောက်အထားကို စိစစ်ရန်အလို့ငှာ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

(၄) ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအတွက် ဆက်သွယ်ဆောင်ရွက်သူကိုယ်စား ဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ် မဟုတ် စိစစ်ခြင်းနှင့် ယင်း၏မှတ်ပုံတင်ကို မှန်ကန်ကြောင်းအတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု၏ တရားဝင်တည်ရှိမှုအခြေအနေအား စိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏ အမည်၊ တရားဝင် ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များ(Conditions) သတ်မှတ်ခြင်း။

( င ) ပုဒ်မခွဲ(ဃ)ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁)၊ (၂)နှင့် (၃)တို့အရ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြု၍ ယင်းအခြေအနေကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

( စ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များအား ထိရောက်စွာ စီမံခန့်ခွဲပြီးကြောင်း သက်သေထင်ရှားပြသနိုင်ပြီး ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ သက်သေခံအထောက်အထားများအား စိစစ်ခြင်းကြောင့်ဖြစ်ပေါ်သည့် နှောင့်နှေးမှုသည် ပုံမှန်စီးပွားဆက်ဆံမှုကို အဆက်ပြတ်စေသည့် အဓိကအကြောင်းအရင်းဖြစ်ပါက အဆိုပါပုံမှန်စီးပွားဆက်ဆံဆောင်ရွက်မှု ပြီးလျှင်ပြီးချင်း စိစစ်မှုကို ဆောလျင်စွာ ပြီးစီးအောင်ဆောင်ရွက်ရမည်။

၂၈။ သတင်းပို့အဖွဲ့အစည်းသည် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုချင်းအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ ထို့ပြင် လွှဲပြောင်းဆောင်ရွက်မှုများသည် ဆက်သွယ်ဆောင်ရွက်သူအပေါ် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်း၏ သိရှိနားလည်မှု၊ ၎င်း၏စီးပွားရေးလုပ်ငန်းနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်အတန်းနှင့် ကိုက်ညီမှု ရှိ မရှိအား သေချာစွာစိစစ်ရမည်။ လိုအပ်ပါက ၎င်းတို့၏ ငွေကြေးအရင်းအမြစ်ကိုလည်း စိစစ်ရမည်။

၂၉။ သတင်းပို့အဖွဲ့အစည်းသည်–

(က) အောက်ပါဆောင်ရွက်ချက်များကို တစ်ခုချင်းအလိုက် အထူးအလေးထားစောင့်ကြည့်စစ်ဆေးရမည်–

(၁) စီးပွားရေးလုပ်ငန်းအရင်းခံ ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်း ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော တန်ဖိုးပမာဏများပြားသည့် လွှဲပြောင်းဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သောပုံစံဖြင့် လွှဲပြောင်းသည့် ဆောင်ရွက်မှုများအားလုံး၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုအားလုံး။

( ခ ) ပုဒ်မခွဲ(က)ပါ ဆောင်ရွက်မှုအားလုံး၏ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

( ဂ ) ပုဒ်မခွဲ(က)အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် အဆင့်မြင့်မားသည်ဟု ဖော်ထုတ်သိရှိရပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

၃၀။ သတင်းပို့အဖွဲ့အစည်းသည် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးအား ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် ပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့်စီမံခန့်ခွဲမှုစနစ်ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ပြည်ပတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍–

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကိုဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

( ခ ) ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူများ၊ အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများနှင့် စပ်လျဉ်း၍ အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ(က)ပါအရေးယူဆောင်ရွက်မှုများကို ကျင့်သုံးခြင်း၊

( ဂ ) အသက်အာမခံပေါ်လစီများနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ (Beneficiaries)နှင့် လိုအပ်ပါက အာမခံထားသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်(Beneficial Owner) တို့သည် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်သည့် ဆောင်ရွက်မှုများကို အနိမ့်ဆုံးအနေဖြင့် ငွေထုတ်ပေးချိန်တွင် ဆောင်ရွက်ရမည်။ အကယ်၍ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်မြင့်မားကြောင်း တွေ့ရှိရပါက–

(၁) အသက်အာမခံအကျိုးအမြတ်များကို ထုတ်ပေးခြင်းမပြုမီ အကြီးတန်းစီမံခန့်ခွဲသူထံ သတင်းပို့ရမည်။

(၂) အသက်အာမခံပေါ်လစီအား ပိုင်ဆိုင်သူနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုလုံးအပေါ် အလေးထားစိစစ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်။

(၃) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သံသယဖြစ်ဖွယ်သတင်းပို့ချက် ပေးပို့ရမည်။

၃၁။ သတင်းပို့အဖွဲ့အစည်းသည် အောက်ပါသတင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့် အရေးပါသည့်သတင်းအချက်အလက်များကို ပေးပို့နိုင်စေရန် အဆင်သင့်ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုချင်းစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံလုံလောက်မှုရှိရမည်–

(က) စီးပွားဆက်ဆံဆောင်ရွက်မှုရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါလွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ ငါးနှစ်အထိ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ ငွေစာရင်းမှတ်တမ်းများနှင့် စီးပွားရေးဆိုင်ရာ စာအဆက်အသွယ်များအပါအဝင် သက်သေခံအထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းမှတစ်ဆင့် ရရှိထားသော မှတ်တမ်းမှတ်ရာများ၊ စိစစ်ခြင်းမှရရှိသည့် စာရွက်စာတမ်းများနှင့် မည်သည့်ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းမှမဆို ရရှိသည့်ရလဒ်များ၊

( ခ ) ပြည်တွင်းပြည်ပ လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှနောက်ထပ် ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာ မှတ်တမ်းများ၊

( ဂ ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့တင်ပြခဲ့မှု အနည်းဆုံးငါးနှစ်ကြာပြီဖြစ်သည့် ဤအခန်း ၉ အရ လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှုပြီးဆုံးချိန် သို့မဟုတ် နောက်ဆုံးမွမ်းမံပြင်ဆင်သည့်အချိန် ငါးနှစ်ကျော်လွန်သည့် အန္တရာယ်အဆင့်အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၃၂။ (က) သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ (၂)နှင့် (၃)တို့အရ ဖော်ပြထားသော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အောက်ပါအချက်များကို ဆောင်ရွက်နိုင်စွမ်းရှိသော ကြားခံပုဂ္ဂိုလ်ကိုအားထား၍ ဆောင်ရွက်နိုင်သည်–

(၁) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဃ)အရ လိုအပ်သည့် သတင်းအချက်အလက်များကို ချက်ချင်းရယူခြင်း၊

(၂) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဃ)အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားနှင့် အခြားအထောက်အထားများ၏ မိတ္တူကိုတောင်းဆိုချက်အရ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) အဆိုပါကြားခံပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအပေါ် စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကြပ်မတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းများထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်း ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် အရေးယူဆောင်ရွက်မှုများ ချမှတ်ထားရှိပြီးဖြစ်ကြောင်း ကျေနပ်ဖွယ်ဖြစ်သည်အထိ ဆောင်ရွက်ထားနိုင်ခြင်း။

( ခ ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် စိစစ်အတည်ပြုခြင်းများသည် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်း၏ တာဝန်သာဖြစ်သည်။

၃၃။ သတင်းပို့အဖွဲ့အစည်းသည် ဝန်ဆောင်မှုပေးသည့် နည်းလမ်းသစ်များ(new delivery mechanisms) အပါအဝင် ထုတ်ကုန်အသစ်များ (new products)နှင့် စီးပွားရေးလုပ်ငန်းအသစ် (new business practices)များအတွက်လည်းကောင်း၊ ထုတ်ကုန်အသစ်များနှင့် ရှိရင်းစွဲထုတ်ကုန်များအတွက် နည်းပညာအသစ် သို့မဟုတ် နည်းပညာအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ယင်းတို့ကို စတင်အသုံးပြုခြင်းမပြုမီ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့်ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရမည်။

၃၄။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် အလားတူ အခြားဆက်ဆံဆောင်ရွက်မှုများမပြုလုပ်မီ ပုဒ်မ ၂၇ ပြဋ္ဌာန်းချက်ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်း ဆောင်ရွက်ရမည်–

(က) မိမိနှင့် စီးပွားဆက်ဆံဆောင်ရွက်သော နိုင်ငံရပ်ခြားမှ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းသဘောသဘာဝကို နားလည်သဘောပေါက်စေရန်၊ ၎င်း၏ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရမှု သို့မဟုတ် အရေးယူခြင်းခံခဲ့ရမှု ရှိ မရှိကို ဆုံးဖြတ်နိုင်ရန်အတွက် လုံလောက်မှုရှိသောသတင်းအချက်အလက်များနှင့် ကြီးကြပ်မှုအရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရယူခြင်း၊

( ခ ) အဆက်အသွယ်ဘဏ်လုပ်ငန်းအသစ်မစတင်မီ အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

( ဂ ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှုကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားအသီးသီးကို ရှင်းလင်းစွာ နားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်း၊

( င ) ပေးချေမှုအတွက် တစ်ဆင့်အသုံးပြုသော ဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လက်ခံဆောင်ရွက်သည့် ဘဏ်၏ဆက်သွယ်ဆောင်ရွက်သူများက မိမိတို့၏ ငွေစာရင်းများကို တိုက်ရိုက်ရယူအသုံးပြုကြောင်းနှင့် အဆိုပါလက်ခံဆောင်ရွက်သည့် ဘဏ်အနေဖြင့် မိမိကတောင်းဆိုသည့်အခါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်နိုင်စွမ်းရှိကြောင်း ကျေနပ်လက်ခံမှုရှိသည်အထိ ဆောင်ရွက်ထားရှိခြင်း။

၃၅။ (က) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေပေးချေခြင်း၊ ငွေလွှဲခြင်း သို့မဟုတ် တန်ဖိုးတူလွှဲပြောင်းပေးပို့ချက်များနှင့် ၎င်းတို့နှင့်ဆက်စပ်မှုရှိသည့် လုပ်ငန်းများအတွက် ငွေလွှဲသူနှင့် ငွေလက်ခံသူတို့၏ အချက်အလက်များအား တိကျစွာ ရယူထားရမည်ဖြစ်သည်။ အဆိုပါသတင်းအချက်အလက်များသည် ငွေပေးချေမှုကွင်းဆက်တစ်လျှောက်လုံးတွင် ယင်းငွေလွှဲခြင်း သို့မဟုတ် ဆက်စပ်မှုရှိသည့် အမှာစာများနှင့်အတူ ဆက်လက်တည်ရှိနေစေရန် သေချာအောင် ဆောင်ရွက်ထားရှိရမည်။

စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ ငွေကြေးလွှဲပြောင်းဆောင်ရွက်ခြင်းအတွက် ထပ်လောင်းဆောင်ရွက်ရမည့်အချက်များကို ညွှန်ကြားချက်ထုတ်ပြန်ရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် အောက်ပါတို့နှင့်သက်ဆိုင်ခြင်း မရှိစေရ–

(၁) အရောင်းအဝယ်နှင့်သက်ဆိုင်သည့် လွှဲပြောင်းဆောင်ရွက်မှုတိုင်းနှင့်အတူ အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များ၏နံပါတ်များပါရှိရန် စီစဉ်ဆောင်ရွက်ထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရန်အတွက် အကြွေးဝယ်ကတ်၊ မြီစားကတ်၊ ကြိုတင်ငွေဖြည့်ကတ် သို့မဟုတ် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြု၍ ဆောင်ရွက်သည့် အရောင်းအဝယ်ဆိုင်ရာ လွှဲပြောင်းဆောင်ရွက်မှု၊

(၂) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကိုယ်စား ဆောင်ရွက်သည့် ကနဦးလွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တို့သည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ပါက ယင်းငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ဆောင်ရွက်သည့်လွှဲပြောင်းမှု။

(ဃ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)တွင် ဖော်ပြထားသောခြွင်းချက်သည် ပုဂ္ဂိုလ်တစ်ဦးမှ ပုဂ္ဂိုလ်တစ်ဦးထံသို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲခြင်းဟု အဓိပ္ပာယ်သက်ရောက်မှုရှိသော ငွေပေးချေမှုစနစ်တစ်ရပ်အနေဖြင့် အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များကို အသုံးပြုခြင်းများနှင့် သက်ဆိုင်မှုမရှိစေရ။ ထိုကဲ့သို့သောဖြစ်စဉ်မျိုးတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားချက်များကို လိုက်နာကျင့်သုံးရမည်။

၃၆။ သတင်းပို့အဖွဲ့အစည်းသည်–

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်နှင့် မိမိတို့၏ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုအန္တရာယ်များကို လျော့ပါးစေရေးအတွက် ထိရောက်စွာ စီမံခန့်ခွဲရန် အောက်ပါအချက်များပါဝင်သော ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန် နည်းစနစ်များကို သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ပြုလုပ်ရမည်။ ထို့ပြင်လိုအပ်ပါက စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်–

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ် အလေးထားစိစစ်ခြင်း လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန်တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ၊

(၂) ဝန်ထမ်းများ စတင်ခန့်ထားရာတွင် အသုံးပြုမည့် စိစစ်ခြင်းလုပ်ထုံးလုပ်နည်းများအပါအဝင် မိမိဝန်ထမ်းများ၏ ဂုဏ်သိက္ခာအဆင့်အတန်းမြင့်မားစေရန် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေး နောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန် နည်းစနစ်များ၊

(၃) မိမိနှင့် ဆက်သွယ်ဆောင်ရွက်သူကို သိရှိခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အထူးတာဝန်ဝတ္တရားများနှင့် အခန်း ၉ ပါ သတင်းပို့ရန် လိုအပ်သည့် လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများက အကူအညီပေးနိုင်ရန် စဉ်ဆက်မပြတ် လေ့ကျင့်ရေးအစီအစဉ်များ၊

(၄) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူဆောင်ရွက်မှုများ၏ထိရောက်မှုကိုစစ်ဆေးရန်လွတ်လပ်သောစစ်ဆေးရေးလုပ်ငန်းစဉ်များ။

(ခ) အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိတစ်ဦးအား ခန့်အပ်ထားရှိရမည်။

(ဂ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)အရ အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများ၏ ပမာဏ၊ ဆက်သွယ်ဆောင်ရွက်သူများ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးသည့် နည်းလမ်းများနှင့် အတိုင်းအတာ၊ အဆိုပါ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်နိုင်ငံများနှင့် ပထဝီဝင်အနေအထားစသည့်အချက်များကို ထည့်သွင်းသုံးသပ်ရမည်။ ငွေလွှဲပေးပို့သူနှင့် အကျိုးခံစားခွင့်ရှိသူ၏ သတင်းအချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပေးချေမှုများနှင့် တန်ဖိုးတူလွှဲပြောင်းပေးပို့မှုများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲရမည့်အပြင် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများလည်း ဆောင်ရွက်ရမည်။

(ဃ) အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်–

(၁) သတ်မှတ်ထားသည့် ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန် နည်းစနစ်များကို နိုင်ငံရပ်ခြားလုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများအပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးစေခြင်း၊

(၂) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အားဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် စီမံခန့်ခွဲခြင်းတို့ကိုဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှု လုံခြုံရေးနှင့် အသုံးပြုရေး လုပ်ထုံးလုပ်နည်းများအပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ထုံးလုပ်နည်းများ ထားရှိစေခြင်း။

၃၇။ သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်ထားသည့် အရာရှိအား အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းရမည်–

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊

(ခ) သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၃၈။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်လျှင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ချက်ချင်းသတင်းပို့ရမည်။

၃၉။ သတင်းပို့အဖွဲ့အစည်းသည် မည်သည့်လွှဲပြောင်းဆောင်ရွက်မှု၊ ငွေကြေး သို့မဟုတ် ပစ္စည်းမဆို ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များဖြစ်သည် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် အကြမ်းဖက်လုပ်ရပ် သို့မဟုတ် အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့နှင့်ဆက်နွှယ်ပတ်သက်သည် သို့မဟုတ် ချိတ်ဆက်မှုရှိသည် သို့မဟုတ် ယင်းတို့အတွက် အသုံးပြုရန်ရှိသည်ဟု သံသယဖြစ်လျှင် သို့မဟုတ် သံသယဖြစ်ရန်ကျိုးကြောင်းခိုင်လုံသည့် အကြောင်းရင်းခံများရှိလျှင် သံသယဖြစ်မှုကိုတင်ပြရန် အစီရင်ခံစာကိုပြုစုပြီးနောက် သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုအစီရင်ခံစာကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ယင်းအဖွဲ့က သတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းများနှင့်အညီ ချက်ချင်းတင်ပြရမည်။ အဆိုပါပြဋ္ဌာန်းချက်သည် ဆောင်ရွက်ပြီးဖြစ်သည့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှုနှစ်ရပ်လုံးနှင့် သက်ဆိုင်စေရမည့်အပြင် အဆိုပါလွှဲပြောင်းဆောင်ရွက်မှုတွင်ပါဝင်သည့် တန်ဖိုးပမာဏကို ထည့်သွင်းစဉ်းစားခြင်းမပြုရ။

၄၀။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်း ဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွှယ်မှုရှိသည်ဟုယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားကို အကြိမ်ကြိမ် ဆောင်ရွက်သည်ဖြစ်စေ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

၄၁။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုမှုကို ရှောင်ရှားခြင်းဆိုင်ရာ အကြံပေးခြင်းအပါအဝင် ဥပဒေရေးရာရပ်တည်ချက်ကို ဆုံးဖြတ်သည့်ကိစ္စရပ်များဆိုင်ရာ အချက်အလက်များကို သတင်းပို့ရန် တာဝန်မရှိစေရ။

၄၂။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်နှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ၊ စာရင်းကိုင်များသည် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့ ဆက်သွယ်ဆောင်ရွက်သူအတွက် သို့မဟုတ် ယင်း၏ ကိုယ်စားဆောင်ရွက်သည့်အခါ ပုဒ်မ ၄၀ တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူထံမှ လက်ခံရရှိခြင်းမဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တောင်းဆိုသော အခြားသတင်းအချက်အလက်များကို တင်ပြရမည်။

## အခန်း (၁၀)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၄၃။ ကြီးကြပ်ရေးအာဏာပိုင်သည်–

(က) သတင်းပို့အဖွဲ့အစည်းက ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား မပျက်မကွက် တိကျစွာလိုက်နာဆောင်ရွက်စေရန် ထိန်းသိမ်းကြီးကြပ်ရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းတစ်ခုတွင် အရေးပါသော သို့မဟုတ် ထိန်းချုပ်နိုင်သော အခန်းကဏ္ဍကို ပိုင်ဆိုင်ခြင်း သို့မဟုတ် အုပ်ချုပ်မှုတာဝန်ထမ်းဆောင်ခြင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အဖြစ် ပြစ်မှုကျူးလွန်သူများ သို့မဟုတ် ၎င်းတို့နှင့်ဆက်နွှယ်သူများ ပါဝင်ဆောင်ရွက်မှုမရှိစေရေးအတွက် လိုအပ်သည့် စည်းကမ်းသတ်မှတ်ချက်များချမှတ်ရမည်။

(ဂ) အန္တရာယ်အခြေပြုချဉ်းကပ်မှုဖြင့် ကြီးကြပ်မှုကိုဆောင်ရွက်ရန် လုပ်ငန်းခွင်ပြင်ပ စစ်ဆေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးခြင်း၊ အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ်အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်း ဆောင်ရွက်ရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းထံမှ သတင်းအချက်အလက်များနှင့် အခြားသောအချက်အလက်များကို ရယူစုဆောင်းခြင်းနှင့် စာရွက်စာတမ်းများ တောင်းယူစစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(င) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား ကြီးကြပ်ရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် နိုင်ငံတကာစံသတ်မှတ်ချက်များကိုပါ ထည့်သွင်း၍ လိုက်နာစေရန် ဆောင်ရွက်ရမည်။

(စ) သတင်းပို့အဖွဲ့အစည်းအတွက် သတင်းပို့ရန် ငွေကြေးနှင့် ပစ္စည်းတန်ဖိုးပမာဏအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့်ညှိနှိုင်း၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းအတွက် တန်ဖိုးပမာဏသတ်မှတ်ခြင်း ဆောင်ရွက်ရမည်။

(ဆ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော သို့မဟုတ် ချိုးဖောက်သော သတင်းပို့အဖွဲ့အစည်းကို စီမံခန့်ခွဲမှုအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မှု အစီအစဉ်များချမှတ်၍ ကျင့်သုံးဆောင်ရွက်ရမည်။

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ စုံစမ်းစစ်ဆေးခြင်း၌ဖြစ်စေ၊ တရားစွဲဆို တင်ပို့ခြင်း၌ဖြစ်စေ အခြားသော ပြည်တွင်း သို့မဟုတ် ပြည်ပအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဈ) သတင်းပို့အဖွဲ့အစည်း၏ ပြည်ပလုပ်ငန်းခွဲများကဖြစ်စေ၊ ယင်းတို့က အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံကုမ္ပဏီခွဲများကဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တည်ဆဲပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများနှင့်သော်လည်းကောင်း ညီညွတ်သည့် အရေးယူဆောင်ရွက်မှုများကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်အတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိကို စိစစ်နိုင်သည်။

(ည) လုပ်ငန်းခွင်ပြင်ပ စစ်ဆေးခြင်း၊ လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးခြင်း သို့မဟုတ် အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ်အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်းဆောင်ရွက်သည့်အချိန်တွင် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်စပ်နိုင်သော မည်သည့်လွှဲပြောင်းဆောင်ရွက်မှုနှင့် အချက်အလက်များကိုမဆို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်။

(ဆက်လက်ဖော်ပြပါမည်)

# ဥပဒေအရာရှိအဆင့် - ၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၂**

ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေး ဦးစီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း (Legal Advocacy Center) MOLA Lecture Hall သင်တန်းခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေရေးရာ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းခွင်ဝင်သင်တန်းကို ဥပဒေရေးရာ ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော မဟာဗျူဟာစီမံကိန်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန်၊ ဥပဒေအရာရှိကျင့်ဝတ်များနှင့် မျှတသောတရားစီရင်ရေးစံနှုန်းများနှင့်အညီ အမှုလိုက်ပါဆောင်ရွက်နိုင်ရန်၊ အထူးသဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး အမှုလိုက်ပါဆောင်ရွက်မှု ကျွမ်းကျင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ဘာသာရပ်များအနေဖြင့် စီမံ၊ ဘတ်ဂျက်၊ ငွေစာရင်း၊ Legal English၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့် အထွေထွေဥပဒေ၊ သက်သေခံအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာလုပ်ငန်းများ၊ လက်တွေ့အမှုလိုက်ပါ ဆောင်ရွက်ခြင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ ဌာနအကြီးအမှူးများက သက်ဆိုင်ရာဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ပို့ချပေးမည်ဖြစ်ကြောင်း၊ အထူးပို့ချချက်များအနေဖြင့် မှုခင်းဆေးပညာ၊ မှုခင်းစုံစမ်းထောက်လှမ်းခြင်း ပညာ (CID)တို့ကို ပို့ချပေးမည်ဖြစ်ကြောင်း၊ အမှတ်အများဆုံးရရှိသူ သင်တန်းသား သင်တန်းသူ သုံးဦးကို ဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် တက္ကသိုလ်တွင် သင်ကြားခဲ့သော စာတွေ့များကို ယခုသင်တန်းတွင် ပို့ချပေးသည့် လက်တွေ့များနှင့် ပေါင်းစပ်ပြီး လုပ်ငန်းခွင် ဝင်ရောက်သည့်အခါ စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် ကျွမ်းကျင်စွာ အမှုလိုက်ပါဆောင်ရွက်နိုင်ရေး ကြိုးစားလေ့လာ သင်ယူကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

သင်တန်းကာလမှာ ၂၀၂၆ ခုနှစ် မတ် ၆ ရက်မှ ဧပြီ ၂၉ ရက်အထိဖြစ်ပြီး အသားတင် သင်တန်းပို့ချရက် ၃၇ ရက်နှင့် သင်တန်းချိန် ၂၅၉ ချိန်ဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်တော်ယာဉ်/ယန္တရားများအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၂**

မြန်မာနိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းရောက်ရှိလာပြီး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်း မပြုရသေးသော မော်တော်ယာဉ်/ယန္တရားများအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ Hybrid mode ဖြင့် ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်သည့် နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ကိုယ်တိုင်တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အွန်လိုင်းစနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းရောက်ရှိလာပြီး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်း မပြုရသေးသော မော်တော်ယာဉ်/ယန္တရားများအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာနိုင်ငံအတွင်းသို့ ခွင့်ပြုချက်ဖြင့် တရားဝင်တင်သွင်းရောက်ရှိပြီးဖြစ်သော်လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများတပ်ဆင်၍ မောင်းနှင် အသုံးပြုနေခြင်းအပြင် လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားများသည်လည်း မှတ်ပုံတင်ခြင်းမပြုဘဲ စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုနေကြသဖြင့် အဆိုပါမော်တော်ယာဉ်/ယန္တရားများအားလုံး မှတ်ပုံတင်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အများပြည်သူသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အဖွဲ့ဝင်များအားလုံးအနေဖြင့် ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်ချောမွေ့စွာပြီးမြောက်စေရေးအတွက် ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေလင်းက ကြီးကြပ်ရေးအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များ၊ မှတ်ပုံတင်ဆောင်ရွက်ပေးမည့်အစီအမံများ၊ မှတ်ပုံတင်ဆောင်ရွက်ပေးမည့်ကာလ၊ အရေးယူဆောင်ရွက်မှု၊ သတင်းထုတ်ပြန်ဆောင်ရွက်မှုများ၊ နိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းရောက်ရှိပြီး မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိသေးသော မော်တော်ယာဉ်/ယန္တရားများနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသည့် ယာဉ်များကို ၂၀၂၆ ခုနှစ် ဧပြီ ၃၀ ရက်နောက်ဆုံးထား၍ လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသည့်ယာဉ်များကို ၂၀၂၆ ခုနှစ် မေ ၃၀ ရက် နောက်ဆုံးထား၍ လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသည့် ယာဉ်များကို ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက်အတွင်း နောက်ဆုံးထား၍လည်းကောင်း အချိန်မီဆောင်ရွက်ခြင်းမပြုက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုသည်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များက လုပ်ငန်းတာဝန် ၆ ရပ် အောင်မြင်ရေးအတွက် ဌာနအလိုက် ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံအတွင်းသို့ တရားဝင်ယာဉ်တင်သွင်းသူများအနေဖြင့် သတ်မှတ်ကာလအတွင်း ကနဦးမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လစဉ်ပုံမှန်အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၁၂**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ လစဉ်ပုံမှန် အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ကို မတ် ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း (ရဲချုပ်-ငြိမ်း) က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေး၌ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျေးဇူးတင်ထိုက်သူကို ကျေးဇူးပြုခြင်း၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် ၃၈ ဖြာ မင်္ဂလာတရားတော်နှင့်အညီ ကတညုတ ကတဝေဒီဆိုသည့်အတိုင်း ဂုဏ်ပြုထိုက်သူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်သုံးဦးအား ဂုဏ်ပြုမှတ်တမ်းတင်ရန် စီစဉ်ထားပါကြောင်း၊ ဂုဏ်ပြုရမည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ပုဂ္ဂိုလ်များမှာ စာရင်းစစ် ဦးတင်ထွဋ်၊ ပြန်ကြားရေးတာဝန်ခံ ဒေါက်တာတင်အောင်ရွှေနှင့် ဗဟိုအလုပ်အမှုဆောင် လူမှုထူးချွန်တတိယအဆင့် ယာယီအတွင်းရေးမှူး ဦးသန်းဆင့်တို့ဖြစ်ပါကြောင်း၊ ၎င်းတို့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CCDAC)၏ လမ်းညွှန်ချက်များ၊ အချိန်အကန့်အသတ်ဖြင့် တာဝန်ပေးညွှန်ကြားမှုများကို အချိန်နှင့်တစ်ပြေးညီ လစ်ဟင်းပျက်ကွက်မှုများ မရှိစေဘဲ သက်ဆိုင်ရာရုံး / ဌာနများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းကြောင့် လုပ်ငန်းကိစ္စအဝဝ အောင်မြင်ပြီးမြောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယနေ့အခမ်းအနားတွင် ဂုဏ်ပြုချီးကျူးခြင်းဖြစ်ပါကြောင်း ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၂)

မင်းခန့်

တတိယမြောက်ရွေးချယ်စရာလမ်းကြောင်းကတော့ အစိုးရဝန်ထမ်းအဖြစ် မလုပ်ကိုင်လိုဘဲ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကဏ္ဍတွေမှာ ဝင်ရောက်လုပ်ကိုင်လိုသူတွေအတွက် အလုပ်သမားဝန်ကြီးဌာနက ချိတ်ဆက်ဆောင်ရွက်ပေးမယ့် အစီအစဉ်ပဲဖြစ်ပါတယ်။ ဒီအစီအစဉ်အရ အလုပ်သမားဝန်ကြီးဌာနနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့ပူးပေါင်းပြီး စစ်မှုထမ်းတာဝန်ပြီးဆုံးသူတွေကို ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံတွေမှာ ဦးစားပေးခန့်အပ်သွားမှာဖြစ်ပါတယ်။

**တပ်မတော်ကနေ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဟောင်းတွေရဲ့ စည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းနဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲနိုင်မှုအပြင် ကိုယ်ကာယကြံ့ခိုင်မှုနဲ့ မှန်ကန်တဲ့ စိတ်ဓာတ်ရေးရာတွေဟာ ပုဂ္ဂလိကလုပ်ငန်းခွင်တွေအတွက် အလွန်တန်ဖိုးရှိလှတဲ့ လူသားအရင်းအမြစ်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက သူတို့ကို ဝမ်းပန်းတသာ လိုလိုလားလား လက်ကမ်းကြိုဆိုလျက်ရှိပါတယ်။** ဒ့ါအပြင် အလုပ်သမားဝန်ကြီးဌာနနဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီတွေ ပူးပေါင်းပြီး ပြည်ပနိုင်ငံတွေကို အလုပ်သမားစေလွှတ်တဲ့နေရာမှာလည်း စစ်မှုထမ်းတာဝန်ကျေပွန်ခဲ့သူတွေကို အထူးဦးစားပေးစေလွှတ်သွားဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

**အထူးအစီအစဉ်တစ်ရပ်ကို စီစဉ်ပေးထား**

ဒုတိယနဲ့ တတိယလမ်းကြောင်းတွေကို ရွေးချယ်လိုကြတဲ့ ပြည်သူ့စစ်မှုထမ်းတွေအတွက် **"စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"**က အထူးအစီအစဉ်တစ်ရပ်ကို စီစဉ်ပေးထားပါတယ်။ အဲဒီအစီအစဉ်ကတော့ အစိုးရဝန်ထမ်းအဖြစ်ဖြစ်စေ၊ ပုဂ္ဂလိကဝန်ထမ်းအဖြစ်ဖြစ်စေ ဝင်ရောက်လုပ်ကိုင်လိုသူတွေအနေနဲ့ မိမိတို့လုပ်ကိုင်မယ့်လုပ်ငန်းခွင်မှာ အထောက်အကူဖြစ်စေမယ့် ခိုင်မာတဲ့အတတ်ပညာတွေ တတ်မြောက်ထားဖို့အတွက် သင်တန်းတက်ရောက်ခွင့်ရရှိရေး စီစဉ်ပေးလျက်ရှိပါတယ်။

သူတို့တွေကို ဘက်စုံလွှမ်းခြုံနိုင်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ စနစ်တကျ သင်ယူနိုင်အောင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနစတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးပြီး နိုင်ငံတစ်ဝန်းမှာရှိတဲ့ သင်တန်းကျောင်းတွေမှာ ဖွင့်လှစ်မယ့် သင်တန်းအမျိုးအစားပေါင်း ၁၀၀ ကျော်မှာ တက်ရောက်ခွင့်ရရှိနိုင်ရေးကိုလည်း အသင့်ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။

ဒီသင်တန်းတွေကို ကာလတို၊ ကာလလတ်နဲ့ ကာလရှည်ဆိုပြီး စနစ်တကျခွဲခြား သတ်မှတ်ပေးထားပါတယ်။ သင်ကြားပေးမယ့် ဘာသာရပ်တွေအနေနဲ့ကတော့ လျှပ်စစ်၊ စက်ပြင်၊ ဆောက်လုပ်ရေး၊ ဂဟေဆက်၊ ကွန်ပျူတာနဲ့ မိုဘိုင်းဖုန်းပြုပြင်ခြင်းစတဲ့ စက်မှုလက်မှုပညာရပ်တွေပါဝင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် စိုက်ပျိုးမွေးမြူရေးနည်းပညာတွေ၊ ဟိုတယ်ဝန်ဆောင်မှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာပညာရပ်တွေအထိ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းသင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ဒီသင်တန်းအများစုကို နိုင်ငံတော်ကနေ စရိတ်ငြိမ်း တာဝန်ယူသင်ကြားပေးသွားမှာဖြစ်ပြီး နေထိုင်စားသောက်ရေးကိုပါ တစ်ပါတည်းအခမဲ့စီစဉ်ပေးသွားမှာဖြစ်လို့ ပြည်သူ့စစ်မှုထမ်းလူငယ်တွေအနေနဲ့ ဘဝတိုးတက်ရေးအတွက်ကို လက်လွှတ်မခံသင့်တဲ့ အခွင့်အရေးကောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။




လျှော့ပေါ့ခွင့်ရရှိခဲ့သည့် တာဝန်ကျေပြည်သူ့စစ်မှုထမ်းများအား စစ်မှုထမ်းဆောင်ပြီးကြောင်း ဤသို့ လက်မှတ်ထုတ်ပေးခဲ့စဉ်။

ဒီသင်တန်းတွေရဲ့ အနှစ်သာရဟာ ရိုးရှင်းတဲ့ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးရုံသက်သက်ထက် များစွာပိုမိုနက်နဲကျယ်ပြန့်ပါတယ်။ နိုင်ငံတော်ကနေပြီး စနစ်တကျ စီစဉ်ပေးထားတဲ့ လေ့ကျင့်သင်ကြားရေးအစီအစဉ်တွေကို အောင်မြင်စွာပြီးမြောက်သွားမယ့် လူငယ်တွေဟာ သာမန်လုပ်သား (Unskilled Labours) အဆင့်ကနေ လုပ်ငန်းခွင်မှာ လက်တွေ့ကျကျ ဦးဆောင်နိုင်စွမ်းရှိတဲ့ တန်ဖိုးမြင့် ကျွမ်းကျင်လုပ်သား(Skilled Labours)တွေအဖြစ် ဘဝအဆင့်အတန်း မြင့်မားစွာကူးပြောင်း ရောက်ရှိသွားကြမှာ ဖြစ်ပါတယ်။ ဒီလိုကြီးမားတဲ့ရည်မှန်းချက်တွေ အောင်မြင်ပေါက်မြောက်စေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားအဆင့်ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)နဲ့ မဟာဗျူဟာမြောက်ချိတ်ဆက်ပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

**နိုင်ငံတကာအလုပ်အကိုင် ဈေးကွက်ဆီကို ယုံကြည်မှုရှိရှိ ဝင်ရောက်နိုင်**

ကာလရှည်သင်တန်းဆင်းသူတွေ လက်ဝယ်ပိုင်ဆိုင်ရရှိမယ့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် (Certificate of Recognition) တွေဟာ ပြည်တွင်းမှာသာမကဘဲ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းတွေနဲ့ပါ ကိုက်ညီမှုရှိစေဖို့ စနစ်တကျရေးဆွဲသတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်ဖို့ ရည်မှန်းချက်ရှိသူတွေအတွက်လည်း ဒီအသိအမှတ်ပြုလက်မှတ်ဟာ နိုင်ငံတကာအလုပ်အကိုင်ဈေးကွက်ဆီကို ယုံကြည်မှုရှိရှိ ဝင်ရောက်နိုင်မယ့် အသိအမှတ်ပြုလက်မှတ်များကိုရရှိစေမှာဖြစ်ပါတယ်။

တစ်နေ့တခြား ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ စက်မှုဇုန်တွေ၊ အရှိန်အဟုန်နဲ့ လည်ပတ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတွေနဲ့ ဝန်ဆောင်မှုကဏ္ဍအသီးသီးမှာ လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို ဘက်စုံလွှမ်းခြုံထားတဲ့ ဒီသင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းဟောင်းတွေက အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့သူတို့တွေဟာနိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အားအတွက် အားအထားရဆုံးနဲ့ အဖိုးတန်ဆုံးသောလူသားအရင်းအမြစ်ကောင်းတွေ ဖြစ်လာကြမှာကတော့ အသေအချာပဲ ဖြစ်ပါတယ်။

**စတုတ္ထနဲ့ နောက်ဆုံးလမ်းကြောင်းကတော့ စစ်သားကြီးလည်းမလုပ်ချင်၊ အစိုးရဝန်ထမ်းလည်း မလုပ်ချင်ဘဲ မိမိတို့ရဲ့ဇာတိချက်ကြွေမွေးရပ်မြေကို ပြန်ပြီး လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများအပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသူတွေကိုလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က အလုပ်အကိုင်အခွင့်အလမ်းတွေ ကူညီဖန်တီးပေးဖို့ အသင့်စောင့်ကြိုလျက်ရှိပါတယ်။** စစ်မှုထမ်းဆောင်မှု တာဝန်ကျေပွန်သူတွေအနေနဲ့ မိမိတို့ရဲ့ရပ်ရွာကို ပြန်လည်ရောက်ရှိချိန်မှာ ယခင် လက်ငုတ်လက်ရင်း အလုပ်အကိုင်သာမက လုပ်ငန်းအသစ် စတင်လုပ်ကိုင်လိုသူတွေအနေနဲ့ လိုအပ်မယ့် အရင်းအနှီးနဲ့ ချေးငွေတွေကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သတ်မှတ်ချက်နဲ့အညီ ထုတ်ချေးပေးမှာဖြစ်သလို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာတွေကို ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကြားသိရပါတယ်။

ဒီလို သတ်မှတ်ကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပြည်သူ့စစ်မှုထမ်းတွေရဲ့ အနာဂတ်ခရီးလမ်းကို ဘက်ပေါင်းစုံက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသလို သတ်မှတ်ကာလအတွင်း ကာကွယ်ရေးတာဝန်တွေကိုထမ်းဆောင်ရင်း ကိုယ်လက်အင်္ဂါထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတွေအတွက်ကိုလည်း လိုအပ်တဲ့ ဆေးဝါးကုသမှုတွေကို အပြည့်အဝ တာဝန်ယူကုသပေးလျက်ရှိပါတယ်။

ဆေးရုံတက်ရောက်ကုသနေစဉ် ကာလတစ်လျှောက်လုံးမှာ သူတို့ကို စစ်မှုထမ်းအဖြစ် ဆက်လက်သတ်မှတ်ထားပြီး လစာနဲ့စရိတ် ခံစားခွင့်တွေကို တစ်ပြားတစ်ချပ်မှ လျှော့နည်းသွားခြင်း မရှိစေဘဲ အပြည့်အဝခံစားခွင့်ပြုထားပါတယ်။ ဒ့ါအပြင် သူတို့ရဲ့ကျန်းမာရေးအခြေအနေနဲ့ ကိုက်ညီမှုရှိမယ့် ကွန်ပျူတာ၊ စက်ချုပ်၊ ဆံသနဲ့ အိမ်တွင်းလျှပ်စစ်ပစ္စည်းပြုပြင်ခြင်း စတဲ့လက်တွေ့အသုံးဝင်မယ့် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကိုလည်း သင်ကြားပေးပြီး ဘဝရပ်တည်မှုခိုင်မာစေဖို့ စနစ်တကျစီမံပေးလျက်ရှိပါတယ်။ ဒ့ါအပြင် နိုင်ငံပိုင်စက်ရုံတွေ၊ ကုမ္ပဏီတွေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေမှာ သူတို့ကျွမ်းကျင်မှုနဲ့ ကိုက်ညီမယ့်နေရာတွေမှာ ရွေးချယ်ပြီး တာဝန်ပေးခန့်အပ်သွားမှာဖြစ်တယ်လို့လည်း ကြားသိရပါတယ်။

**ကျေနပ်ဂုဏ်ယူကြလိမ့်မယ်လို့ ယုံကြည်မိ**

ဒီလိုမျိုး နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ကနေ ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ်ချိန်ကစလို့ တာဝန်ပြီးဆုံးပြီး အိမ်အပြန် အနာဂတ်ခရီးလမ်းအထိ အစစအရာရာ စနစ်တကျ စီမံဆောင်ရွက်ပေးမှုတွေအပေါ် ပြည်သူ့စစ်မှုထမ်းဟောင်းတွေအနေနဲ့ အထူးပဲ ကျေနပ်ဂုဏ်ယူကြလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ အမှန်စင်စစ်မှာတော့ ပြည်သူ့စစ်မှုထမ်းတွေဟာ သာမန်အရပ်သား လူငယ်ဘဝကနေ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စုရပ်တွေကတစ်ဆင့် မွန်မြတ်လှတဲ့ တပ်မတော်သားဘဝကို ရောက်ရှိလာခဲ့ကြတာပဲ ဖြစ်ပါတယ်။

အဲဒီကနေတစ်ဆင့် စနစ်ကျတဲ့ ပြုစုပျိုးထောင်လေ့ကျင့်ပေးမှုတွေနဲ့အတူ အခက်အခဲတွေကို ဖြတ်သန်းကျော်လွှားခဲ့ကြပြီး သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်ရင်း တပ်မတော်သားတွေရဲ့ ပင်ပန်းဆင်းရဲမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှုနဲ့ ပေးဆပ်စွန့်လွှတ်မှုတွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံနားလည်ခဲ့ကြပြီပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်သူ့စစ်မှုထမ်းဟောင်းတွေအဖြစ်နဲ့ မိမိတို့ရဲ့ ဇာတိမြို့ရွာတွေကို ပြန်လည်ရောက်ရှိချိန်မှာ

**"တပ်မတော်ကနေ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဟောင်းတွေရဲ့ စည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းနဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲနိုင်မှုအပြင် ကိုယ်ကာယကြံ့ခိုင်မှုနဲ့ မှန်ကန်တဲ့စိတ်ဓာတ်ရေးရာတွေဟာ ပုဂ္ဂလိကလုပ်ငန်းခွင်တွေအတွက် အလွန်တန်ဖိုးရှိလှတဲ့ လူသားအရင်းအမြစ်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက သူတို့ကို ဝမ်းပန်းတသာ လိုလိုလားလား လက်ကမ်းကြိုဆိုလျက်ရှိ"**

အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုကိုတည်ဆောက်ပေးမယ့် ခိုင်မာတဲ့ အင်အားတစ်ရပ်အနေနဲ့ ဂုဏ်ယူဖွယ် ပေါ်ထွန်းလာတော့မှာဖြစ်သလို လူမှုပတ်ဝန်းကျင်အလယ် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ကြတော့မှာ ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က စတင်အသက်သွင်းခဲ့တဲ့ ဒီဥပဒေဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ တပ်မတော်သမိုင်းအတွက် ထူးခြားပြောင်းမြောက်တဲ့ သမိုင်းမှတ်တိုင်သစ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ဒီလိုဂုဏ်ယူဖွယ် သမိုင်းမှတ်ကျောက်တင်နိုင်ခဲ့ခြင်းဟာ

စာမျက်နှာ ၁၁ သို့ ❐

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ ချောင်းဆုံမြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနများ၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ်ရှိ စာစစ်ဌာနစုစုပေါင်း ၃၀ တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀၉၃၄ ဦး စာရင်းပေးသွင်းကြပြီး ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ၁၀၅၃၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မော်လမြိုင်တက္ကသိုလ်၌ သင်ကြားသင်ယူလျက်ရှိသောဘာသာရပ်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ အရည်အသွေးအာမခံမှုစနစ် (QA) ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ ဆရာ ဆရာမများအနေဖြင့် AI ကို အကျိုးရှိစွာအသုံးချနိုင်ရေး လေ့လာဆောင်ရွက်ရန်၊ Library-based learning၊ Project-based learning နှင့် Research-based learning တို့ကို အမှန်တကယ်ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ တက္ကသိုလ် သန့်ရှင်းသာယာလှပရေးအတွက် ဇုန်များခွဲ၍ ဇုန်အလိုက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်၊ ကျောင်းသားကျောင်းသူအိပ်ဆောင်များ၊ ဘာသာရပ်ဆိုင်ရာဌာနများနှင့် သုတေသနစင်တာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံကာ ပညာရေးဒီဂရီကောလိပ်တချို့ကို ဆရာအတတ်ပညာတက္ကသိုလ်အဆင့် တိုးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် သင်တန်းသားသင်တန်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ရာ ပညာကို ယခုကတည်းက ကြိုးပမ်းသင်ယူကြရန် လိုကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကြပြီး ချမှတ်ထားသည့် စည်းကမ်းများကို စနစ်တကျလိုက်နာကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်နှင့် ထားဝယ်ပညာရေးဒီဂရီကောလိပ်တို့မှ သင်တန်းသားသင်တန်းသူများအတွက်ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**







ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသော ကျောင်းသား ကျောင်းသူများအား မတ် ၁၂ ရက် နံနက်ပိုင်းက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သုသုအောင်နှင့်အဖွဲ့ဝင်များက ရေသန့်ဘူးများ၊ အာဟာရမုန့်များ ပေးလှူကြစဉ်။
နေလင်း(ညောင်လေးပင်)

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူ၊ ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွဋ်တို့ ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဈေးများမီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြသစဉ်။ ဟိန်းကိုအောင်





ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်ရှိ စာစစ်ဌာနနှစ်ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများအား မတ် ၁၂ ရက်က နတ်တလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က Royal-D အချိုရည်များ ဝေငှပေးစဉ်။
ဝေယံဖြိုး (ပြန်/ဆက်)

**စနစ်ကျတဲ့ ပြုစုပျိုးထောင်လေ့ကျင့်ပေးမှုတွေနဲ့အတူ အခက်အခဲတွေကို ဖြတ်သန်းကျော်လွှားခဲ့ကြပြီး သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်ရင်း တပ်မတော်သားတွေရဲ့ ပင်ပန်းဆင်းရဲမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှုနဲ့ ပေးဆပ်စွန့်လွှတ်မှုတွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံနားလည်ခဲ့ကြပြီပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်သူ့စစ်မှုထမ်းဟောင်းတွေအဖြစ်နဲ့ မိမိတို့ရဲ့ ဇာတိမြို့ရွာတွေကို ပြန်လည်ရောက်ရှိချိန်မှာ အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုကို တည်ဆောက်ပေးမယ့် ခိုင်မာတဲ့အင်အားတစ်ရပ်အနေနဲ့ ဂုဏ်ယူဖွယ် ပေါ်ထွန်းလာတော့မှာဖြစ်သလို လူမှုပတ်ဝန်းကျင်အလယ် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ကြတော့မှာဖြစ်**

❒ စာမျက်နှာ ၁၀ မှ
မကြာမီအိမ်ပြန်လာကြတော့မယ့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းလူငယ်တွေရဲ့ ကြီးမားလှတဲ့ စွမ်းဆောင်ချက်တွေကြောင့်ဆိုတာကို နိုင်ငံသားအားလုံးက ဂုဏ်ယူဝမ်းမြောက်စွာ အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်ကျင့်သုံးချိန်က နိုင်ငံတော်နဲ့ တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေရဲ့ အပြုသဘောမဆောင်တဲ့ ဝေဖန်နှောင့်ယှက်မှုတွေကို အောင်ပွဲနဲ့အတူ အိမ်ပြန်လာကြမယ့် ပြည်သူ့စစ်မှုထမ်းတွေက အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူ့စစ်မှုထမ်း စစ်သည်တော်တွေရဲ့ ရဲစွမ်းသတ္တိနဲ့ စိတ်ဓာတ်ခိုင်မာမှုကို အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ လက်တွေ့စစ်မြေပြင်မှာ နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့်လည်း အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ နိုင်ငံတော်အစိုးရကိုဆန့်ကျင်တိုက်ခိုက်နေသူတွေဟာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွေကို နှောင့်နှေးဟန့်တားလျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ အခြေအမြစ်မရှိတဲ့သတင်းတွေဖြစ်တဲ့ ပြည်သူ့စစ်မှုထမ်းတက်ရောက်ဖို့ လူငယ်တွေကို အတင်းအဓမ္မဖမ်းယူခြင်းဆိုတဲ့ သတင်းအမှား၊ တာဝန်ပြီးဆုံးတဲ့ပြည်သူ့စစ်မှုထမ်းတွေကို အတင်းအဓမ္မ တာဝန်ထမ်းဆောင်စေခြင်းနဲ့ အမျိုးသမီးစစ်မှုထမ်း စာရင်းကောက်ယူခြင်းတွေဆိုတဲ့ သတင်းအတုတွေနဲ့ လူမှုကွန်ရက်တွေကတစ်ဆင့် လှုံ့ဆော်နှောင့်ယှက်လျက်ရှိပါတယ်။

ဒီလိုဝေဖန်ထိုးနှက် နှောင့်ယှက်မှုတွေကြားက ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့တဲ့ လူငယ်တွေဟာ နိုင်ငံတော်ရဲ့ သမိုင်းစာမျက်နှာသစ်ကို ရဲရဲဝံ့ဝံ့ဖွင့်လှစ်ခဲ့ကြသူတွေ ဖြစ်ကြပါတယ်။ နှစ်နှစ်တာကာလအတွင်း သူတို့ရရှိခဲ့တဲ့ ရှားပါးလှတဲ့ အတွေ့အကြုံ၊ သံမဏိလိုမျိုးစည်းကမ်းနဲ့ ကြံ့ခိုင်တဲ့ စိတ်ဓာတ်ခွန်အားတွေဟာ နောင်တစ်ချိန် သူတို့ရဲ့ ဘဝတစ်သက်တာအတွက် တန်ဖိုးမဖြတ်နိုင်လောက်တဲ့ အရင်းအနှီးတွေဖြစ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ခိုင်မာတိကျတဲ့ အလုပ်အကိုင်ဖန်တီးပေးရေးစီမံချက်တွေ၊ လက်တွေ့ကျတဲ့အသက်မွေးဝမ်းကျောင်း သင်တန်းတွေအပြင် တိကျခိုင်မာတဲ့မူဝါဒတွေနဲ့ပါ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းတွေအတွက် အိမ်အပြန် ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်းကောင်းကို သာယာဖြောင့်ဖြူးစွာနဲ့ လျှောက်လှမ်းနိုင်ဖို့ ဘက်ပေါင်းစုံက စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

ဒါကြောင့် **ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ နိုင်ငံတော်ရဲ့ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ပေးနိုင်ရုံသာမက အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေး များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ကို အောင်မြင်စွာထမ်းဆောင်ခဲ့ကြတဲ့ တာဝန်ကျေတဲ့ နိုင်ငံ့သားကောင်းလူငယ်တွေဟာ မကြာမီအချိန်အတွင်း အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်းတွေဆီကို ဂုဏ်ယူဝင့်ကြွားစွာ ပြန်လည်ရောက်ရှိပြီး နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍအသီးသီးမှာ ခွန်အားသစ်တွေအဖြစ် တက်ကြွစွာ ပါဝင်လာကြတော့မှာဖြစ်ပါကြောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ရေးသားတင်ပြလိုက်ရပါတယ်။**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ဒုတိယနေ့ ဆက်လက်ကျင်းပ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာ ဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၉၄၆ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော် မတ် ၁၂

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်း စာစစ်ဌာန ၈၇၁ ခု စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၉၄၆ ဦး၊ ပျက်ကွက် ၁၃၈၀၇ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၈၆ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်း စာစစ်ဌာန စုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲ ဒုတိယနေ့တွင် စက်မှုကျောင်းသား ကျောင်းသူများက အင်္ဂလိပ်စာဘာသာရပ်၊ စိုက်ပျိုးရေးကျောင်းသား ကျောင်းသူများက သီးနှံထုတ်လုပ်ရေး(၁) ဘာသာရပ်၊ မွေးမြူရေးကျောင်းသားကျောင်းသူများက ကြက်မွေးမြူထုတ်လုပ်ရေး ဘာသာရပ်တို့ကို ဖြေဆိုကြပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိကာ ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - အင်္ဂလိပ်စာ

နေ့စွဲ - ၁၂-၃-၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၄၀ | ၇၃၉၂ | ၁၁၆၃၂ | ၃၀၃ | ၂၄၅ | ၅၄၈ | ၉၅.၅၀% | ၄.၅၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၅၉ | ၃၈၅၀ | ၁၁၈၇ | ၂၄၇၁ | ၃၆၅၈ | ၁၀၄ | ၇၈ | ၁၈၂ | ၉၅.၂၆% | ၄.၇၄% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၉ | ၅၂၃ | ၈၄၂ | ၃၀ | ၄၃ | ၇၃ | ၉၂.၀၂% | ၇.၉၈% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၀၆ | ၇၇၀၅ | ၁၂၅၁၁ | ၄၀၄ | ၃၆၈ | ၇၇၂ | ၉၄.၁၉% | ၅.၈၁% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၄၁ | ၈၉၈၁ | ၁၄၆၂၂ | ၄၅၄ | ၃၄၉ | ၈၀၃ | ၉၄.၇၉% | ၅.၂၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၆၀ | ၆၉၉၉ | ၁၁၈၅၉ | ၄၈၈ | ၂၉၄ | ၇၈၂ | ၉၃.၈၁% | ၆.၁၉% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၅ | ၁၂၈၆၃ | ၂၁၂၀၈ | ၅၃၈ | ၃၃၉ | ၈၇၇ | ၉၆.၀၃% | ၃.၉၇% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၃၁၅ | ၂၆၂၀၃ | ၄၅၅၁၈ | ၁၂၂၂ | ၈၀၉ | ၂၀၃၁ | ၉၅.၇၃% | ၄.၂၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၉ | ၁၀၅၃၈ | ၁၈၁ | ၂၁၅ | ၃၉၆ | ၉၆.၃၈% | ၃.၆၂% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၉၀ | ၉၀၁ | ၁၆၉၁ | ၆၆ | ၄၂ | ၁၀၈ | ၉၄.၀၀% | ၆.၀၀% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၅၇ | ၂၆၀၄၉ | ၄၆၈၀၆ | ၁၄၇၄ | ၉၇၆ | ၂၄၅၀ | ၉၅.၀၃% | ၄.၉၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၉ | ၈၄၈၈ | ၁၃၃၇၇ | ၂၆၆ | ၂၅၉ | ၅၂၅ | ၉၆.၂၂% | ၃.၇၈% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၉ | ၁၀၅၈ | ၁၆၈၇ | ၃၈ | ၅၅ | ၉၃ | ၉၄.၇၈% | ၅.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၄ | ၁၂၁၆ | ၁၉၇၀ | ၆၄ | ၄၅ | ၁၀၉ | ၉၄.၇၆% | ၅.၂၄% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၂၇ | ၂၀၉၀၇ | ၃၆၄၃၄ | ၁၈၅၀ | ၁၀၄၃ | ၂၈၉၃ | ၉၂.၆၄% | ၇.၃၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၁၀ | ၇၈၉၈ | ၁၄၁၀၈ | ၅၀၅ | ၃၀၁ | ၈၀၆ | ၉၄.၆၀% | ၅.၄၀% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၉၁၀ | ၁၅၅၈၄၃ | ၂၆၈၇၅၃ | ၁၀၄၀၅၁ | ၁၅၀၈၉၅ | ၂၅၄၉၄၆ | ၈၈၅၉ | ၄၉၄၈ | ၁၃၈၀၇ | ၉၄.၈၆% | ၅.၁၄% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်များအားလုံး

နေ့စွဲ - ၁၂-၃-၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၂၁ | ၃၃၉ | ၂၀၆ | ၁၂၁ | ၃၃၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၂**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပခဲ့ရာ ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနတို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင်ပေါင်း ၁၀၅ ခရိုင်၊ မြို့နယ်ပေါင်း ၂၆၆ မြို့နယ်၊ စာစစ်ဌာနပေါင်း ၈၈၇ ဌာနတို့၌ ကျောင်းသား ၁၁၂၉၁ ဦး၊ ကျောင်းသူ ၁၅၆၅၆၂ ဦး စုစုပေါင်း ၂၆၈၇၅၃ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၀၄၀၅၁ ဦး၊ ကျောင်းသူ ၁၅၀၈၉၅ ဦး စုစုပေါင်း ၂၅၄၉၄၆ ဦး ဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၄ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင်ပေါင်း ၄၁ ခရိုင်၊ မြို့နယ်ပေါင်း ၅၀၊ စာစစ်ဌာနပေါင်း ၅၃ ဌာနတို့၌ ကျောင်းသား ၂၀၀၅ ဦး၊ ကျောင်းသူ ၁၃၈၁ ဦး စုစုပေါင်း ၃၃၈၆ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၉၉၂ ဦး၊ ကျောင်းသူ ၁၃၇၂ ဦး စုစုပေါင်း ၃၃၆၄ ဦးဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား မုန့်နှင့် အချိုရည်ဘူးများ ဝေငှပေးစဉ်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုခဲ့ပြီး မတ် ၁၂ ရက် ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုလျက်ရှိကြောင်းနှင့် မတ် ၁၃ ရက် (သောကြာနေ့)တွင် သင်္ချာဘာသာရပ်၊ မတ် ၁၄ ရက် (စနေနေ့)တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်၊ မတ် ၁၆ ရက် (တနင်္လာနေ့)တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်၊ မတ် ၁၇ ရက် (အင်္ဂါနေ့)တွင်ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြရမည်ဖြစ်ပြီး မတ် ၁၅ ရက် (တနင်္ဂနွေနေ့)ကို ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရသည်။

အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ စတင်ဖြေဆိုလျက်ရှိပြီး မတ် ၁၈ ရက်အထိ ဆက်လက် ဖြေဆိုကြမည်ဖြစ်ကာ မတ် ၁၅ ရက် (တနင်္ဂနွေနေ့)ကို ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် စတင်ဖြေဆိုမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ၏ စကားသံများကိုလည်း အခုလိုကြားသိရပါတယ်-









၁။ ၂၀၂၆ တက္ကသိုလ်ဝင်စာမေးပွဲမှာ ကြီးကြပ်ရေးမှူး တာဝန်အဖြစ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း စမ်းချောင်းမှာ လာပြီးတော့ တာဝန်ထမ်းဆောင်နေပါတယ်။ စာဖြေသူပေါင်း ၃၅၀ ရှိပါတယ်။ ဇီဝဗေဒအတွဲမှာတော့ ခုံနံပါတ် ၁ ကနေ ၂၄၁ အထိ ၂၄၁ ယောက်ရှိပါတယ်။ ဘောဂဗေဒအတွဲမှာတော့ ၉၈ ယောက်ရှိပါတယ်။ ပထဝီ၊ သမိုင်း၊ဘောဂကတော့ ၁၁ ယောက် ရှိပါတယ်၊ အားလုံးစုစုပေါင်း စာဖြေသူ ၃၅၀ ရှိပါတယ်။ အေးအေးချမ်းချမ်းနဲ့ ဖြေကြားနိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ကျွန်မတို့ ပြုလုပ်ထားပါတယ်။ အားလုံးဖြေနိုင်ပါစေ၊ ဂုဏ်ထူးတွေလည်း အများကြီးရပါစေလို့ ဆုတောင်းပေးပါတယ်။

၂။ ကြိုးစားတာ ကတော့ တစ်နေ့စာတစ်နေ့ကို ပုံမှန်လုပ်ပြီး စာမေးပွဲဖြေဆိုခါနီး ကျောင်းပိတ်ရပ်တွေမှာ ပြန်နွှေးပြီးတော့ ပုံမှန်လေးတော့ ကျက်ဖြစ်ပါတယ်။ ဒီဘာသာက ညီမတို့အတွက် နည်းနည်းစိမ်းတဲ့အတွက် ဆရာမတွေသင်ပြတဲ့ အချိန်မှာ သေချာလိုက်မှတ်တယ်။ ပြီးတော့ လေ့လာတယ်၊အများအားဖြင့်တော့ ဖတ်တာတွေ၊ ပြင်ပဗဟုသုတတွေ ကြည့်ပြီးတော့ အားထုတ်ပါတယ်။ ကျွန်မတို့နိုင်ငံကလည်း စိုက်ပျိုးရေးအဓိက ထားတယ်ဆိုတော့ အဲဒါကြောင့် ပိုပြီးတော့ ဒီထက်တိုးတက်အောင် လုပ်ချင်တဲ့ အတွက်ကြောင့် စိုက်ပျိုးရေးကို ယူတယ်။ အသစ်အသစ်တွေကို လေ့လာတယ်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနသို့သွားရောက်၍ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ကို သက်ဆိုင်ရာဘာသာရပ်အလိုက် စိတ်အေးချမ်းသာစွာ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား လိုက်လံကြည့်ရှုအားပေးပြီး လက်တွေ့ဖြေဆိုမည့် စာဖြေခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ အားလုံးပူးပေါင်း၍ စာမေးပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်သည်အထိ အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းနှင့် စဉ့်ကိုင်မြို့နယ် (ဘယ်လင်း) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနများသို့ သွားရောက်၍



ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်မိဘပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ကျေးဇူးတင်စကားပြောကြားပြီး စာမေးပွဲကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် တာဝန်ရှိသူ ဆရာ ဆရာမများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရှိ စာစစ်ဌာနများသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား ထောက်ပံ့ငွေများပေးအပ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းရှိ သိင်္ဂီဆောင်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် အခြေခံပညာ ဆရာ ဆရာမများအား တွေ့ဆုံ၍ အခြေခံပညာကဏ္ဍသည် အရေးကြီးကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းမွန်စေရေး အလေးထားလိုက်နာကြရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ဝတ်စားဆင်ယင်မှုစည်းကမ်းများ လိုက်နာကြရန်လိုကြောင်း မှာကြားကာ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







## အောင်လံမြို့၌ စားသုံးသူရေးရာအကြောင်း သိကောင်းစရာ အသိပညာပေး Talk Show ကျင်းပ

**အောင်လံ မတ် ၁၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ "စားသုံးသူရေးရာအကြောင်း သိကောင်းစရာအသိပညာပေး Talk Show" ကို ယနေ့မွန်းလွဲပိုင်းက အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက အသိပညာပေး Talk Show ကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန သရက်ခရိုင်တာဝန်ခံရုံးမှ ဒုတိယဦးစီးမှူး ဦးထင်ကျော်လင်းက ၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်မည့် "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့" (World Consumer Rights Day) အထိမ်းအမှတ်အဖြစ် စားသုံးသူများ သိရှိသင့်သည့်အခွင့်အရေးနှင့်တာဝန်များ၊ ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုများရှိလာပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ မိမိတို့ဦးစီးဌာနတွင် တိုက်ရိုက်တိုင်ကြားနိုင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ (CICC) များတွင် တိုင်ကြားနိုင်ခြင်း၊ Consumer Myanmar Mobile App နှင့် Website များမှတစ်ဆင့် လွယ်ကူစွာ တိုင်ကြားနိုင်ပုံများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် အသိပညာပေး

**ချောက် မတ် ၁၂**

မတ် ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် စားသုံးသူအခွင့်အရေးဆိုင်ရာ အသိပညာပေး လှုပ်ရှားဆောင်ရွက်မှုများကို ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီက အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ၊ အသိပညာပေး (Talk Show) များ ဆောင်ရွက်



သည်။

အဆိုပါ အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုများ ဆောင်ရွက်ရာတွင် မတ် ၁၁ ရက်မှစ၍ "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ကြိုဆိုသောအားဖြင့် စားသုံးသူအခွင့်အရေးနှင့် တာဝန်များ"အကြောင်း အသိပညာပေးဟောပြောခြင်း၊ စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များကို လူစည်ကားသည့်နေရာများတွင် ဖြန့်ဝေပေးခြင်းနှင့် မြို့မဈေးရှိ ကုန်စုံဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခြင်း၊ အသိပညာပေး (Talk Show) ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ပြည်သူများစားသုံးသူအခွင့်အရေးများ သိရှိစေရန်နှင့် ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြတ်မြတ်မိုး

## ကျုံပျော်မြို့နယ်၌ ဆီထွက်သီးနှံ(နေကြာ) စံကွက်ရိတ်သိမ်း

**ကျုံပျော် မတ် ၁၂**

ပြည်တွင်း စားသုံးဆီ ဖူလုံစွာရရှိရေးအတွက် စိုက်ပျိုးခဲ့သည့် ဆောင်းဆီထွက်သီးနှံ(နေကြာ) စံကွက်ရိတ်သိမ်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျီးအိုင်ကျေးရွာအုပ်စု တောင်သူ ဦးအောင်ဇော်ဝင်း၏ လယ်မြေငါးကေ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက သီးနှံများ စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ မှတ်တမ်းများထားရှိရန်၊ ဈေးကွက်ဝင်သီးနှံများနှင့် ပဲပုပ်သီးနှံများ တိုးချဲ့စိုက်ပျိုးရန် အမှာစကားပြောကြားသည်။

ထို့နောက် တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက



ပူးပေါင်း၍ နေကြာစံကွက်အား ရိတ်သိမ်းကြရာ တစ်ဧကလျှင် နေကြာ ၃၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်ရှိ စက်မှုဇုန်များတွင် သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေး

**မြောက်ဥက္ကလာပ မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက စက်မှုဇုန်များနှင့် စက်ရုံများတွင် ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲများကို KPH အထည်ချုပ်စက်ရုံ၊ Dar Kwang International Co.,Ltd အထည်ချုပ်စက်ရုံ၊ Golden –5 အထည်ချုပ်စက်ရုံနှင့် Shin Sung Tong Sang Co.,Ltd အထည်ချုပ်စက်ရုံများရှိ အလုပ်သမားများအား အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန မရမ်းကုန်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြိုင်မြိုင်သိန်းနှင့် ဦးစီးအရာရှိ (အလုပ်ရုံစစ်ဆေးရေး) ဦးချိုမင်းသွင်တို့က အလုပ်သမားဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

## လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

**ရန်ကုန် မတ် ၁၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်း




အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

### ပေးအပ်

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ဗိုလ်တထောင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထား (ဆေးဌာန၊ အင်းစိန်)မှ အာမခံအလုပ်သမား ဒေါ်လှသိန်းနု သူနာပြု (၂)၏ လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၁၂၉၆၀၀၀၀ ကို သေဆုံးသူ၏ သမီးဖြစ်သူ ဒေါ်ဝင်းပပအောင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးမြို့ ရွှေသာလျောင်းဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အသစ်တည်ထားတော်မူသော ပါဒစေတီတော်မြတ်ကြီး ဖွင့်လှစ်ပူဇော်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပ





ပဲခူး မတ် ၁၂

ပဲခူးမြို့ ရွှေသာလျောင်းဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အသစ်တည်ထားတော်မူသော ပါဒစေတီတော်မြတ်ကြီး ဖွင့်လှစ်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့တွင် အဆိုပါရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တ နာရဒါဘိဝံသ၊ ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဥေ ယျမမ္မာဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ပဲခူးမြို့ ရွှေသာလျောင်းဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အသစ်တည်ထားတော်မူသော ပါဒစေတီတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်၊ ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပူဇော်ကြသည်။

ထို့နောက် ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များက ဇယမင်္ဂလာ အောင်ဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ပြီး ပါဒစေတီတော်မြတ်ကြီးအား အမွှေးနံ့သာဖြင့် ပက်ဖျန်းပူဇော်ကာ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ယင်းနောက် ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဦးဆောင်ပဓာန ကမကထပြု ချီးမြှင့်တော်မူခဲ့ကြသည့် လှုရတနာဆရာတော်နှင့် ကြခတ်ဝိုင်းဆရာတော်တို့အား ဂုဏ်ပူဇော်မှတ်တမ်းလွှာများ ဆက်ကပ်ပူဇော်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးနှင့် အလှူရှင်များက ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးနှင့် ဧည့်ပရိသတ်များက ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထားဝယ်မြို့၌ နေလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ



**ထားဝယ် မတ် ၁၂**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထိန်သစ်ရပ်ကွက်ရှိ အဆိုပါ အဆောက်အအုံသစ်မျက်နှာစာ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးတို့က နေလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကလေးသူငယ် လူငယ်လူရွယ်များ အရွယ်အလိုက် စာပေကိုဖတ်ရှုကြရေး ပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း၊ စာကြည့်တိုက်များတည်တံ့ရန်နှင့် စာကြည့်တိုက်များ တိုးတက်လာရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်များစွာ ပေါ်ပေါက်လာပြီး စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရန် သာယာသော လူ့ပတ်ဝန်းကျင်ဖြစ်လာရေး အကူအညီဖြစ်ကြောင်း၊ ပညာဘဏ်တိုက် စာကြည့်တိုက်ဖြစ်ရန် ယခုလို လူအား၊ ငွေအားနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းသည် ပြည်သူများအတွက်ပင်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်လာအောင် အုပ်ချုပ်ရေးအဖွဲ့များ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ပြည်သူများ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ စာတတ်သူတိုင်း စာများများဖတ်ရှုလျှင်စိတ်ကူးများ ဖန်တီးနိုင်စွမ်းတိုးတက်စေပြီး အသိပညာဗဟုသုတ ကျယ်ပြန့်လာစေကာ မှတ်ဉာဏ်မြင့်မားလာပြီး စိတ်ဖိစီးမှုကို လျှော့ချနိုင်သည့် များပြားလှသော အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သောကြောင့် စာဖတ်ကြရန်လိုအပ်ကြောင်း ပြောကြားပြီး ဖျော်ဖြေခဲ့ကြသည့်အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးက စာကြည့်တိုက်အဆောက်အအုံနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းတို့က စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ထိန်သစ်ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာ ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စွာဝင်း ဦးဆောင်သောဝန်ထမ်းများက မတ် ၁၁ ရက်တွင် မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြို့မဈေးရှိ ဈေးဆိုင်ခန်းများ မီးလောင်၊မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်သည့် တာဝန်ရှိသူများ၊ ဈေးတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်နိုင်ထွန်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၁၁ ရက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

မျိုးလှိုင်(တွံတေး)



# ဒလမြို့နယ်၌ တိုင်းရင်းဆေးဖြင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ဒလ မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးဖြင့်ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆေးကုသခြင်းများကို ယမန်နေ့နံနက်ပိုင်းတွင် ထူးကြီးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းကုသဆောင်ရွက်ပေးသည်။

**အသိပညာပေးဟောပြော**

အဆိုပါ ကွင်းဆင်းဆေးကုသမှုကို ဒလမြို့နယ် မြို့နယ်တိုင်းရင်းဆေးမှူး ဦးတင်ဖြိုးအောင်က တိုင်းရင်းဆေးအကြောင်းအရာများနှင့် ဆီးချိုရောဂါအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောသည်။ ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူးက တိုင်းရင်းဆေးပညာဖြင့် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၄၉ ဦး စုစုပေါင်း ကျေးရွာနေပြည်သူ ၆၇ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

■ ကျောဖုံးမှ

စက်ရုံ/အလုပ်ရုံများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊ တကောင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင် ယာယီခံစစ်စခန်းများ ပြုလုပ်၍ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှုယန္တရား ပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သပိတ်ကျင်းမြို့အား ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ကာ တန်ပြန်တိုက်စစ်များ အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းခဲ့ရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် သပိတ်ကျင်းမြို့အား တပ်မတော်က ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် မန္တလေး-မတ္တရာ - စဉ့်ကူး - သပိတ်ကျင်း ဆက်သွယ်ရေး လမ်းကြောင်းနှင့် မန္တလေး-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေး လမ်းကြောင်းများကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့် အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီး ဒေသတွင်း ကုန်စည်စီးဆင်းကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ကာ ပညာရေး၊ ကျန်းမာရေး စသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ်များစွာ ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်လျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကာ ပြည်သူလူထု၏ လူမှုဘဝများ ပြန်လည်အဆင်ပြေချောမွေ့လာသည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုဖြင့် စိတ်အားထက်သန်စွာ အားပေးထောက်ခံလာခဲ့ကြပြီး အကြမ်းဖက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကိုလည်း ဝိုင်းဝန်းရှုတ်ချမှုများ ပြုလုပ်လာခဲ့ကြသည်။ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို မရရှိတော့သည့် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုများအပေါ် စိတ်ပျက်နောင်တရမှုများကြောင့် နီးစပ်ရာ တပ်မတော်စစ်ကြောင်းများနှင့် ဆက်သွယ်၍ ဥပဒေဘောင်အတွင်းသို့ လက်နက်ခဲယမ်းများနှင့်အတူ ဝင်ရောက်လာခဲ့မှုများကိုလည်း တပ်မတော်အနေဖြင့် နွေးထွေးစွာ လက်ကမ်းကြိုဆိုလျက်ရှိသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်တကောင်းမြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်၍ သပိတ်ကျင်းမြို့နှင့် တကောင်းမြို့အကြား ခိုအောင်းလှုပ်ရှားလျက် ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများအား စစ်ကြောင်းများခွဲပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှစ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရေချမ်းစဉ်ကျေးရွာ၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ရှားတောကျေးရွာ၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဗန္ဓဲ့ကျေးရွာ၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒေါင်းပုန်းကျေးရွာ၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရွှေကျွန်းပင်ကျေးရွာ၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပေါက်တပင်ကျေးရွာ၊

**စာမျက်နှာ ၁၇ သို့ ❍**



ကိုးပင်ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများက ယာယီခံစစ်စခန်းပြုလုပ်ထားသည်ကို တွေ့ရစဉ်။



ဆယ်ဖင်းကုန်းကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများက ယာယီခံစစ်စခန်းပြုလုပ်ထားသည်ကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပုတီးဖြူကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။







အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့်အလောင်းများကို တွေ့ရစဉ်။

# သမဝါယမစာရင်းရေးစာရင်းကိုင်သင်တန်းကျောင်း (မကွေး) တွင် အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း(အမှုထမ်း)ဖွင့်လှစ်

မကွေး မတ် ၁၂

မကွေးတိုင်းဒေသကြီး သမဝါယမစာရင်းရေး စာရင်းကိုင်သင်တန်းကျောင်း(မကွေး)တွင် အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း (အမှုထမ်း) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ထွန်းက အမှာစကားပြောကြားပြီး သမဝါယမစာရင်းရေး စာရင်းကိုင်သင်တန်းကျောင်း (မကွေး) ကျောင်းအုပ်ကြီး ဒေါ်စန္ဒာထွန်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်နှင့် သင်တန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

အဆိုပါ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း (အမှုထမ်း) တွင် ရုံးအကူဝန်ထမ်း စုစုပေါင်း ၄၀ အား အခြေခံစာရင်းကိုင် နှင့် စာရင်းစစ်ပညာများ ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ မတ် ၁၀ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

# မူဆယ်ခရိုင် အားကစားနှင့်ကာယပညာကော်မတီက နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်

မူဆယ် မတ် ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန မူဆယ်ခရိုင်အားကစားနှင့်ကာယပညာကော်မတီက နွေရာသီအားကစားသင်တန်းများ (အခမဲ့)ဖွင့်လှစ်ခြင်းကို မိုးလုံလေလုံ အားကစားရုံနှင့် အဆင့်မြင့်တင်းနစ်အားကစားကွင်းတို့၌ မတ် ၁၀ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



အဆိုပါအားကစားသင်တန်းများတွင် ကြက်တောင်ရိုက်၊ တင်းနစ်၊ စစ်တုရင်၊ ကရာတေးနှင့် ကာယဗလ အားကစားနည်းများပါဝင်ပြီး စုစုပေါင်းသင်တန်းသား ၃၅၀ ကျော်အား သင်တန်းကာလ မတ် ၁၀ ရက်မှ ၃၀ ရက်အထိ သင်တန်းနည်းပြများက ကြီးကြပ်၍ (အခမဲ့) ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

# ရေကြည်မြို့နယ်၌ SDR ကာကွယ်ဆေးတိုက်ကျွေးခြင်း ဆောင်ရွက်



ရေကြည် မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ အနာကြီးရောဂါသည်နှင့် အတူနေမိသားစုများအား SDR တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အနာကြီးရောဂါသည်နှင့် အတူနေမိသားစု စုစုပေါင်း ၂၇ ဦးအား Rifampicin 150 mg ဆေးပြားများကို အသက်အလိုက် လိုက်လံတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးကြပြီး၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အနာကြီးရောဂါဖြစ်ပွားမှုကို ၅၈ ရာခိုင်နှုန်း ကာကွယ်မှုပေးကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

**❖ လက်ရှိချန်ပီယံမှ**

ချယ်လ်ဆီး အသင်းအတွက် သွင်းဂိုးတွေကိုတော့ ဂတ်စတိုနဲ့ အန်ဒိုဖာနန်ဒက်ဇ်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ မန်စီးတီးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးစလုံးကို ဗယ်လ်ဗာဒီတစ်ဦးတည်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဥရုဂွေးကွင်းလယ်ကစားသမား ဗယ်လ်ဗာဒီဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပထမဆုံးဟက်ထရစ် သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ အခုပွဲစဉ်မတိုင်မီက ထိပ်တိုက်တွေ့ဆုံမှု ၁၅ ကြိမ်အထိရှိခဲ့တာဖြစ်ပါတယ်။

**သရေရလဒ်ထွက်ပေါ်**

အာဆင်နယ်အသင်းကတော့ လေဗာကူဆင်အသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ လေဗာကူဆင်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို အန်းဒရစ်ကသွင်းယူပေးခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ကိုင်ဟာဗက်ဇ်က ပင်နယ်တီကနေ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အခြားသောပွဲစဉ်မှာတော့ ဘိုဒိုအသင်းက စပို့တင်းအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

**○ မြန်မာယူ-၁၇ မှ**

အာရှဖလားခြေစစ်ပွဲအောင်မြင်ပြီးနောက် ပထမဆုံးနိုင်ငံတကာခြေစမ်းပွဲကစားသည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ အိန္ဒိယအသင်းကို အရှုံးပေးခဲ့ရသည်။ အာရှဖလား ယူ-၁၇ ပြိုင်ပွဲတွင် အုပ်စုအဆင့်ကျော်လွန်ရန် ရည်မှန်းထားသည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း၏ ခြေစွမ်းမှာ အားရစရာမရှိသေးဘဲ ပြိုင်ပွဲစတင်ရန် ရက်ပေါင်း ၄၀ ကျော်လိုသေးသဖြင့် ယင်းကာလအတွင်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်လာရေး ပြင်ဆင်နိုင်ရန် လိုအပ်နေသည်။

**အချိန်မီပြုပြင်နိုင်ရန် လိုအပ်**

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ဆောင်းပွင့်ဖြူ (ဂိုး)၊ သဲအိလှိုင်၊ ချစ်ပွင့်အောင်၊ ပင်မြင့်ယံ၊ မင်ထုန်မေဇီတာ၊ ဆောင်းသဇင်ဦး၊ ရှင်းသန့်ဖြူစင်ပြုံး၊ ခင်မြတ်ဘုန်းထွဋ်၊ သော်တာနှင်း၊ ဟန်နီဖူးဝေ၊ နန်းခိုင်ဇင်မြင့်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပွဲအစပိုင်းတွင် အိန္ဒိယအသင်းက ထိန်းကစားနေသဖြင့် မြန်မာအသင်း ဖိကစားနိုင်သော်လည်း ထိရောက်သည့်တိုက်စစ်ဆင်မှုမပြုလုပ်နိုင်ဘဲ ၃၈ မိနစ်တွင် ဂိုးစတင်ပေးခဲ့ရသည်။ အိန္ဒိယအသင်းအတွက် အဖွင့်ဂိုးကို ပရီသီကာက သွင်းယူခဲ့ပြီး ဒုတိယဂိုးကိုလည်း ၄၉ မိနစ်တွင် ၎င်းကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာပွဲများနှင့် ဝေးကွာနေသည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းအနေဖြင့် လိုအပ်ချက်၊ အားနည်းချက်များ ရှိနေဆဲဖြစ်ပြီး အချိန်မီပြုပြင်နိုင်ရန် လိုအပ်နေသည်။

မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသမီးအသင်းတို့၏ ဒုတိယခြေစမ်းပွဲကို မတ် ၁၄ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်သော်



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင်များ စက်သုံးဆီပြတ်လပ်မှုမဖြစ်စေရေး၊ ပုံမှန်ဖွင့်လှစ်ရောင်းချနိုင်ရေးနှင့် စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲနိုင်ရေးအတွက် မတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့များက ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် ရေးမြို့နယ်တပ်နယ်မှ တာဝန်ရှိသူများ၊ ရေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့က မတ် ၁၂ ရက်နံနက်ပိုင်းတွင် စက်သုံးဆီချွေတာခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြပါစို့၊ စက်သုံးဆီချွေတာရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလမ်းညွှန်၊ စက်သုံးဆီချွေတာရေးလမ်းညွှန်စာသားပါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ ရှင်းသန့်ဖြူ



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက် ဆရာစံလမ်းရှိ စံပြရန်ကင်းဈေးတွင် မတ် ၁၁ ရက် နံနက်ပိုင်းက မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးလွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇင်မင်းထွန်းတို့က မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်း၊ ရှေးဦးမီးငြှိမ်းသတ်ရေး လက်တွေ့လေ့ကျင့်ခြင်း၊ ဈေးမီးဘေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းတို့ ဆောင်ရွက်စဉ်။

လှလှထွေး(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ စည်ပင်သာယာဈေးတွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး မတ် ၁၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်စဉ်။

ချင်းကလေး(NRDC)

## တံတားအသုံးပြုခ ကောက်ခံရေးလုပ်ငန်းအတွက် လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တံတားအသုံးပြုခကောက်ခံရေးဂိတ် (၁)ခု၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းလုပ်ပိုင်ခွင့်ကို နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ၂၄-၃-၂၀၂၆ ရက်၊ (အင်္ဂါနေ့) (၁၃:၀၀)နာရီတွင် ပဲခူးမြို့၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| **တံတားဂိတ်** | **ကြမ်းခင်းဈေး (ကျပ် သိန်း)** |
|---|---|
| (က) နဝဒေးတံတား (ပြည်) | ကျပ် ( ၃၀၀၀.၀၀ ) သိန်း |

၂။ တံတားဂိတ်၏ လေလံတင်သွင်းခွင့်လျှောက်လွှာကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ပဲခူးမြို့တွင် (၁၂-၃-၂၀၂၆) ရက်နေ့မှစ၍ ထုတ်ယူနိုင်ပြီး လေလံတင်သွင်းလွှာများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးမြို့၌ (၁၉-၃-၂၀၂၆) ရက်နေ့ ညနေ (၄:၀၀)နာရီအချိန် နောက်ဆုံးထားမှတ်ပုံတင်နိုင်ပါသည်။ စိတ်ပါဝင်စားကြေး နှင့် အာမခံကြေးများကိုလည်း(၂၀-၃-၂၀၂၆) ရက်နေ့၊ မွန်းလွဲ(၁:၀၀)နာရီ နောက်ဆုံးထားပေးသွင်းရမည် ဖြစ်ပါသည်။

၃။ စိတ်ပါဝင်စားကြေး၊ အာမခံကြေးနှင့် လေလံတင်သွင်းရန်အသေးစိတ်စည်းကမ်းချက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ပဲခူးမြို့၊ တယ်လီဖုန်းနံပါတ် ၀၅၂-၂၂၂၄၅၇၂ နှင့် ၀၉-၇၅၆၂၂၀၆၂၁ တို့သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**လေလံကြီးကြပ်ရေးအဖွဲ့**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ ဆုထူးပန်လမ်း၊ မြေကွက်အမှတ်(၂၀၂၈)၊ ပေ (၄၀x ၆၀) ပေရှိ ဦးညီညီထွန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးကျော်ရွှေ(ဘ)ဦးချို [၁၂/ကတန(နိုင်)၀၇၃၆၅၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၂၄၀၅+၂၄၀၆/က)၊ မြေကွက်အကျယ် ပေ(၄၀x၆၀)ပေရှိ ဒေါ်မိုးမိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မိုးမိုး(ဘ)ဦးစံညွန့် [၉/မကန(နိုင်)၀၇၀၁၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၉၁၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၁)၊ ဦးပိုင်အမှတ်(၁၈)၊ ၁၀၆x၁၀၇ကြား၊ ၄၈x၄၉လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒုတပ်ကြပ်မောင်မောင်မြင့် [၉/မမန(နိုင်) ၀၀၉၉၄၉]၏ (SP ရရှိသူ ဒေါ်မေနှင်းသူ) က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၆၈၀/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ်(င-၂)၊ ဦးပိုင်အမှတ်(၁၁၅)ခဲစင်း၊ ၆၂(ဘီ)လမ်း၊ ၁၀၇(အေ)x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မမ၏ (SP ရရှိသူ ဒေါ်သန်းမြိုင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၇၆/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမြတ်ထွန်းဦး၏ (SP ရရှိသူ ဦးအောင်တင့်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၅၁၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိမွန်ချို [၉/ပကခ (နိုင်) ၀၀၆၃၈၀၁]က အမှုတွဲအမှတ်(၅၆၉၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ်(၄၁၈)၊ ပေ(၄၀x၆၀)ပေရှိ ဦးလှမြင့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်ခိုင်မို့မို့အောင် [၁၄/မအန(နိုင်)၂၀၈၄၂၀]၊ ဒေါ်နန်းသုသုခံ [၁၂/ဥကတ(နိုင်) ၁၆၉၄၃၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M)  တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၉၁၈၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ ဗိုလ်ချို(၃)လမ်း၊ မြေကွက်အမှတ်-၉၆၆၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ၆၀ ပေ)ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူ ဦးချမ်းငြိမ်းခိုင် [၁၂/တမန(နိုင်)၀၉၈၄၆၀] ထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာအေးနှင့် ဒေါ်နန်းဆိုင်အေးတို့မှ အဆိုပါအိမ်နှင့် မြေကို တရားဝင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ပြီး ၎င်းတို့တွင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းသုကျော် [၉/မထလ (နိုင်)၀၈၅၇၀၉]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်၏ရုံးခန်းသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဟန်စုကျော် ( LL.B, D.B.L, D.M.L ) ဒေါ်ခင်မာထွန်း ( LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၀၁/၁၂)  တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၀၁/၁၇)**
**အမှတ်-၅၆၃၊ အခန်း-၁၀၃ (A) ၊ MAC Tower ။ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၉၅၈၀၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၅၁)၊ ၁၀၆x ၁၀၇ကြား၊ ၄၉x၅၀လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်သန်းဝင်း [၉/အမရ (နိုင်) ၀၀၁၇၄၅]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၆၈၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၄၁)ခဲစင်း၊ ၁၀၆(စီ)လမ်း၊ ၄၉x၅၀ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တပ်သား သောင်းနိုင်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၂၄၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ချူး [၁၃/ကခန(နိုင်)၀၁၃၆၇၃]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၆၈၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၆)၊ ဦးပိုင်အမှတ်(၁၆)၊ ၅၈လမ်းနှင့် ၁၁၁လမ်းထောင့်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်သိန်း၏ (SP ရရှိသူ ဒေါ်ခင်ဝင်းကြည်) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၉၀၉/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နီလာ [၉/မကန(နိုင်)၁၂၁၈၃၄]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၆၉၆/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၄၁)ခဲစင်း၊ ၁၀၆(စီ)လမ်း၊ ၄၉x ၅၀လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တပ်သား သောင်းနိုင် ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၆၁၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမင်းထွန်း [၁၃/ကခန(နိုင်)၀၇၅၀၅၅]က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၆၈၆/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ မြေကွက်အမှတ်(၁၃၇၀/က)၊ ပေ၂၀xပေ၆၀ အကျယ်အဝန်းရှိသော ဒေါ်စောညွန့် အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ ငကြွေလမ်း၊ ပန်းခြံ (၉)၊ မြေကွက်အမှတ် (၁၃၇၀/က) ဟုခေါ်တွင်သောမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးမိုးကျော် [၁၂/အစန(နိုင်) ၀၇၂၃၃၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာမြင့် [၁၂/ရပသ (နိုင်) ၀၈၄၀၈၂] မှ စရန်ငွေတချို့ တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်တင်စုဝေ(LL.B,D.B.L,M.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၂၈)**
**အမှတ်(ဂ/၁၀၈)၊ ဒုတိယထပ်၊ သုမင်္ဂလာလမ်းမ၊ (ဈ/မြောက်) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၈၂၀၀၃၊ ၀၉-၉၈၅၂၂၃၃၉**

## ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၃၀) ရပ်ကွက်၊ သုဝဏ္ဏဘုရားအနီး၊ နှင်းဆီဝါလမ်း၊ အမှတ်- ၁၆၄ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၀/သုဝဏ္ဏ (ဘုရားအနီး)၊ မြေကွက်အမှတ်- ၁၆၄၊ ဧရိယာ (၄၅၀၀ စတုရန်းပေ) အကျယ်ရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးဇော်မျိုးဟန် [၁၂/ဗဟန (နိုင်) ၀၃၇၆၉၈]၊ မောင်အောင်ဟိန်းကျော် [၁၂/သဃက(နိုင်)၁၉၆၆၉၀] နှင့် မောင်ဘုန်းမြတ်သူ [၁၂/သဃက (နိုင်) ၁၉၈၂၅၉] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်- ၆၇၀၂**
**Brilliance Mansion Condo, တိုက်- R-1, အခန်းအမှတ်- 106**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## သက်ဆိုင်သူအများသိစေရန်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ငွေကြယ်ဖြူလမ်း၊ အမှတ်(၁၄/၉) ရှိ J floral Service လိုင်စင်အမှတ်(S00000399)မှ ဧည့်သည်များနှင့် တွေ့ဆုံခြင်း၊ ဖုန်းလက်ခံဖြေကြားခြင်းတို့ကို 09-2060363,09693266602, 09-693266604 ဖုန်းနံပါတ်(၃)လုံးဖြင့်သာ ဆက်သွယ်၍ Service ပေးပါသည်။ ငွေလက်ခံခြင်းကို 09-2060363 (J floral Logo) ပါသော ဖုန်း(၁)လုံးဖြင့်သာ ငွေလက်ခံပါသည်။ အဆိုပါ ဖုန်းနံပါတ်များမှလွဲ၍ ကျန်ဖုန်းနံပါတ်များဖြင့် ဆက်သွယ်ခြင်း၊ ပွဲလက်ခံခြင်း၊ ငွေလက်ခံခြင်းများသည် (J floral Service) နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အခြားဖုန်းများနှင့်ဆက်သွယ်၍ အဆင်မပြေမှုကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်လာပါက (J floral Service) နှင့် လုံးဝ မသက်ဆိုင်ပါ။ (J floral) ပန်းအလှဆင်လုပ်ငန်းနာမည်အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ (J floral) မှ ပြင်ဆင်ထားသောပုံများကို အသုံးပြု၍ဖြစ်စေ၊ ပွဲလက်ခံခြင်းများရှိပါက (J floral Service) ဘက်မှ နစ်နာမှုအတွက် တာဝန်ယူဖြေရှင်းပေးရပါမည်။ (J floral Service) လုပ်ငန်းအား ထိခိုက်အောင် ရည်ရွယ်ချက်ရှိရှိ ရှုံ့ချပြောဆိုခြင်းများရှိပါက အဆိုပါဆောင်ရွက်မှုအတွက် (J floral Founder) ဒေါ်အင်ကြင်းခိုင် [၁၃/တကန(နိုင်) ၂၁၅၀၅၄] မှ တရားဝင် ပြောရေးဆိုခွင့်ရှိသူရှေ့နေဖြင့်သာ တရားဥပဒေနှင့်အညီ ဖြေရှင်းမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(J floral Service) ဒေါ်အင်ကြင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)    တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ နွယ်သာကီလမ်း၊ မြေကွက်အမှတ်(၆၈၅)၊ ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၆၈၆)နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးမျိုးမြင့်(CE-၀၇၈၁၇၀)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်သန်းသန်းဌေး[၉/မသန(နိုင်)၀၀၆၈၅၇]**သည် **“နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်”** များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်ထားခိုင် (LL.B)(D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၈၇၅)**
**တိုက်အမှတ်(၅၀၃/စီ)၊ အရှေ့ရွှေဂုံတိုင်လမ်းနှင့်ဗိုလ်စိန်မှန်လမ်းထောင့်၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၉၂၀၁၂၉၉၈၊ ၀၉-၉၄၀၉၁၉၉၉၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/တောင်ရပ်ကွက်၊ စာဖတ်လမ်း၊ အမှတ်(၃၉) ပေါ်တွင် ဆောက်လုပ်ထားသော (၆)ခန်းတွဲ (၃-လွှာ)၊ Hong Kong တိုက်ကြီး၏ မြေညီထပ်၊ အခန်းအမှတ်(၂/၁ မြေညီ)၊ ဧရိယာ (၁၂ ၁/၂ x၅၀)ပေ ကျယ်ဝန်းသော ကိုယ်ပိုင် (ရေ+မီး)ပါဝင်သည့် တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သူ **ဒေါ်ညီညီစန်း [၆/သရခ (နိုင်) ၀၀၈၆၁၂]** အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ် စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွန့်** |
|---|---|
| **BSc, DA, HGP, R.L, DBL, DML, DIL** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၄၂၈၇၇၀၈၂၀** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာ(စံပြ)ရပ်ကွက်၊ (ဘီ-လမ်းမကြီး)ရှိ ဦးညိုမောင်အမည်ပေါက် မြေကွက်အမှတ်-(၂၄၀)၊ ဧရိယာ အလျား (၈၀)ပေ x အနံ (၆၅)ပေ၊ ဧရိယာ (၅၂၀၀ စ/ပေ) ကျယ်ဝန်းသော နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင် တိုင်းတာခွဲစိတ်ခြင်း မပြုရသေးသော ဧရိယာ (၂၀ပေx၆၅ပေ) ကျယ်ဝန်းသည့် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သူ ဦးစန်းညွန့်ဦး [၁၂/လသယ (နိုင်)၀၅၆၇၃၆] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါအိမ်နှင့်မြေကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွန့်** |
|---|---|
| **BSc, DA, HGP, R.L, DBL, DML, DIL** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၄၂၈၇၇၀၈၂၀** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

❖ ပထဝီနိုင်ငံရေးအရရော နိုင်ငံရေးပထဝီအခြေအနေအရပါ ထူးခြားသည့်အခြေအနေများ ပိုင်ဆိုင်ထားသည့် မိမိနိုင်ငံအနေဖြင့် ယခုအခြေအနေများထဲက မိမိနိုင်ငံအတွက် ကောင်းကျိုးများ အပြည့်အဝရရှိခံစားအသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည် မရှိမဖြစ်လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေကြိုးပမ်းတည်ဆောက်ရမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်




နေပြည်တော် မတ် ၁၂

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အချို့မြို့၊ ရွာများ၌ ဝင်ရောက်နေရာယူ၍ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆောင်ရွက်လျက်ရှိသည်။

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့၊ တကောင်းမြို့နှင့်ဝန်းကျင်ဒေသတစ်ဝိုက်အား ၂၀၂၄ ခုနှစ် ဩဂုတ်လမှစ၍ ယာယီစိုးမိုးထားစဉ် ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများ ပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ■

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း ခြေစမ်းပွဲတွင် အိန္ဒိယ ယူ-၁၇ အသင်းကို အရေးနိမ့်

ရန်ကုန် မတ် ၁၂

၂၀၂၆ အာရှဖလား ယူ–၁၇ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ–၁၇ အမျိုးသမီး လူငယ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယ ယူ–၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းတို့၏ ပထမခြေစမ်းပွဲကို မတ် ၁၂ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ အိန္ဒိယ ယူ–၁၇ အသင်းက နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ○



မြန်မာ ယူ–၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယ ယူ–၁၇ အမျိုးသမီး အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မန်စီးတီးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



## လက်ရှိချန်ပီယံ ပီအက်စ်ဂျီနဲ့ ရီးယဲလ်မက်ဒရစ်တို့ ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး အာဆင်နယ်အသင်း အဝေးကွင်းတွင် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရ

မတ် ၁၂ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ အိမ်ကွင်းမှာ ဂိုးပြတ်နိုင်ပွဲတွေရရှိခဲ့ပေမယ့် အာဆင်နယ်အသင်းကတော့ အဝေးကွင်းမှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ချယ်လ်ဆီးအသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို ဘာကိုလာက တစ်ဂိုး၊ ဒမ်ဘီလီက တစ်ဂိုး၊ ဗီတင်ဟာက တစ်ဂိုးနဲ့ ဗာရက်ခ်ီလီယာက နှစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ကာ

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖